# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၈) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (1-5-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၀၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေ စိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြှင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် မေ ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား**

ယနေ့ မေ ၁ ရက်သည် ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမားကြီးများကို ဂုဏ်ပြုသည့်အဓိပ္ပာယ်ပြည့်ဝသော အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ နိုင်ငံအတွက် မရှိမဖြစ်အရေးပါသော အဓိကအင်အားစုတစ်ရပ်ဖြစ်သည့် အလုပ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြီးပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ကမ္ဘာ့နိုင်ငံများတွင် ကမ္ဘာ့အလုပ်သမားများကို လုပ်အားတန်ဖိုးမြှင့်တင်ပေးသောနေ့၊ အလုပ်သတ်မှတ်ချိန်ကို မှန်ကန်သင့်လျော်စွာခံစားရသောနေ့၊ ကမ္ဘာ့အလုပ်သမားလှုပ်ရှားမှုသမိုင်းတွင် မှတ်ကျောက်တင်နိုင်သည့်နေ့ထူးနေ့မြတ်အဖြစ် နှစ်စဉ်ဂုဏ်ပြုကျင်းပကြခြင်းဖြစ်ပါသည်။ စာမျက်နှာ ၁၈ ကော်လံ ၁ ⇗

## အင်းလေးကန်အတွင်းရှိ တန်ခိုးကြီးဘုရားများအား တောင်ကြီးလူရည်ချွန်စခန်း ဒသမတန်းလူရည်ချွန်မောင်မယ်များ ဖူးမြော်ကြည်ညိုပြီး အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်



ဘားအံ ဧပြီ ၃၀

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ဖွင့်လှစ်ထားသည့် တောင်ကြီးလူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်အုပ်ချုပ်သူ ဆရာ၊ ဆရာမများသည် ယနေ့နံနက် ၇ နာရီတွင် စုရပ်စခန်းမှထွက်ခွာကြရာ ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဖိုတယ်ဇုန်စက်လှေဆိုက်သို့ ရောက်ရှိကြရာ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များက ပန်းကုံးများစွပ်၍လည်းကောင်း၊ အိုးစည်ဗုံမောင်းများတီးခတ်ပြီး ကိန္နရီ ကိန္နရာ၊ တိုးနယားအကများဖြင့်လည်းကောင်း၊ အလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုခဲ့ကြသည်။

ရှေးဦးစွာ လူရည်ချွန်မောင်မယ်များသည် ဟဲယာရွာမကျေးရွာရှိ စိန်သမာဓိငွေပန်းထိမ်လုပ်ငန်းသို့ ရောက်ရှိကြပြီး

စာမျက်နှာ ၁၇ ကော်လံ ၁ ❑

**အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။**




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၁ ရက်
အယ်ဒီတာ့အာဘော်

# ၃၂ နှစ်တာ ရတနာပုံသတင်းစာ

မေလ ၁ ရက်(ယနေ့)သည် ရတနာပုံသတင်းစာ ၃၂ နှစ်တာပြည့်မြောက်သည့်နေ့ဖြစ်ပါသည်။ ရတနာပုံသတင်းစာကို ၁၉၉၂ ခုနှစ် မေ ၁ ရက်နေ့မှ စတင်ထုတ်ဝေခဲ့သည်။ မေလ ၁ ရက်နေ့သည် ရတနာပုံသတင်းစာမွေးဖွားခဲ့သည့်နေ့ဖြစ်သကဲ့သို့ အလုပ်သမားနေ့လည်းဖြစ်ပေသည်။

ရတနာပုံသတင်းစာသည် မြန်မာနိုင်ငံ၏ သတင်းစာလောကၥ္ အတိုင်းအတာတစ်ခုထိ နေရာရရှိထားပြီးဖြစ်သည်။ သို့သော် ယနေ့မျက်မှောက်ကာလတွင် **Online Media** များ၏ လွှမ်းခြုံထားမှုကို ထိုးမှောက်နိုင်ရန် အစဉ်ကြိုးပမ်းနေရဆဲဖြစ်ပါသည်။

ရတနာပုံသတင်းစာသည် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ စည်းရုံးရန်ဟူသော ရည်ရွယ်ချက်များဖြင့် တာဝန်များကိုထမ်းဆောင်လျက် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အသိပညာ၊ အတတ်ပညာနှင့် ခံစားမှုရသအတွက်ပါမကျန် ကဏ္ဍပြည့်စုံစွာနားလည်သိမြင်နိုင်စေရေးအတွက် ရတနာပုံဝိုင်းတော်သားများက အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းအားထုတ်ခဲ့ကြသည်မှာ ၃၂ နှစ်တာတိုင်ခဲ့ပြီဖြစ်ပါသည်။

ထိုသို့ ၃၂ နှစ်တာခရီးပေါက်၍ ပြည်သူတို့၏လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်မှာ ရတနာပုံဝိုင်းတော်သားများ၏ နေ့မအားညမအား ကြိုးပမ်းအားထုတ်မှုများကြောင့်ပင်ဖြစ်ပါသည်။ ရတနာပုံသတင်းစာသည် စတုတ္ထမဏ္ဍိုင်ပီပီ သတင်းမီဒီယာကျင့်ဝတ်တို့ကိုစောင့်ထိန်းလျက် ဘက်လိုက်မှုကင်းစွာဖြင့် သတင်းစာဖတ်ပရိသတ်များ ကျေနပ်စေရန်၊ နိုင်ငံတော်နှင့်ပြည်သူအကျိုးဖြစ်ထွန်းစေရန် သတင်းဦး၊ သတင်းထူးများကို ဖော်ပြပေးလျက်ရှိပါသည်။

ခေတ်မီတိုးတက်နေသော ယနေ့ခေတ်တွင် ပြည်သူလူထုအနေဖြင့် မိမိနိုင်ငံတွင်လည်းကောင်း၊ ကမ္ဘာကြီးတွင်လည်းကောင်း နေ့စဉ်ဖြစ်ပျက်နေသောသတင်းများကို မြန်မြန်ဆန်ဆန်သိရှိလိုကြသည်။ ထို့ကြောင့် နေ့စဉ်ထုတ်သတင်းစာများသည် သတင်းဦး၊ သတင်းထူးများ၊ လတ်ဆတ်သောသတင်းများကို အချိန်နှင့်တစ်ပြေးညီ ရေးသားဖော်ပြကြရမည်ဖြစ်သည်။ သတင်းထောက်များအတွက် သတင်းဦး၊ သတင်းထူးရရှိရန် အရေးပါသကဲ့သို့ သတင်းစာတစ်စောင်အတွက်လည်း တိကျမှန်ကန်သော သတင်းဦး၊ သတင်းထူးများ ဆောလျင်စွာပါရှိရန် အရေးပါပေသည်။

သတင်းစာတစ်စောင်ဖြစ်ရန်အတွက် မလွယ်ကူလှပေ။ ထို့အတူ သတင်းစာတစ်စောင်ရပ်တည်နိုင်ရန်အတွက်လည်း မည်မျှကြိုးပမ်းဆောင်ရွက်ရသည်ကို သတင်းစာလုပ်ငန်းလုပ်ကိုင်နေသူတို့သာ ခံစားနားလည်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် သတင်းစာလုပ်ငန်းသည် စိတ်ဓာတ်၊ ဇွဲ၊ လုံ့လ အားကြီးသူများ၊ ရှိသင့်ရှိထိုက်သည့် ဉာဏ်ပညာ၊ သိသင့်သိထိုက်သည့် အသိပညာဗဟုသုတရှိမှသာ လုပ်နိုင်သည့်လုပ်ငန်းတစ်ခုဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူများ၏လိုလားချက်၊ ပြည်သူများ၏ဘဝကို ကိုယ်စားပြုလျက် ပြည်သူများကြားတွင် ၁၉၉၂ ခုနှစ် မေလ ၁ ရက်တွင် မွေးဖွားခဲ့သော ရတနာပုံသတင်းစာသည် ယနေ့တွင် ၃၂ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ရတနာပုံသတင်းစာအနေဖြင့် ၃၂ နှစ်မှသည် နောင် ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတု စသည့်ရတုအဆက်ဆက်တိုင်အောင် ဆက်လက်ရပ်တည်နေမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ခရိုင် ငါးခရိုင်၌ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးနိုင်ရေးနှင့် ဝင်ငွေတိုးရေးရွှေ့ပြောင်းစီမံကိန်းဖြင့် သင်တန်းခုနစ်ကြိမ် ဖွင့်လှစ်သွားမည်



ယခင်ဘဏ္ဍာနှစ်က ဖွင့်လှစ်ပေးခဲ့သည့်သင်တန်းကို တွေ့ရစဉ်။

မန္တလေး မေ ၃၀

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး ခရိုင်ငါးခရိုင်၌ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးနိုင်ရေးနှင့် ဝင်ငွေတိုးရေး ရွှေ့ပြောင်းစီမံကိန်းဖြင့် သင်တန်းခုနစ်ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါစီမံကိန်းသည် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်ငါးခရိုင်တွင် ဆောင်ရွက်သွားရန် လျာထားပြီးဖြစ်ကြောင်း၊ ၎င်းစီမံကိန်းများမှာ ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခုစီမံကိန်း၊ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေးစီမံကိန်း၊ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရရှိရေးစီမံကိန်း၊ ခေတ်မီစံပြကျေးရွာများဖော်ဆောင်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးရေးစီမံကိန်းတို့ဖြစ်ကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ်မှာတော့ အသေးစားထုတ်ကုန်တွေ ဖန်တီးနိုင်ရေးနှင့် ဝင်ငွေတိုးတက်ရေး စီမံကိန်းဆိုပြီးတော့ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာပါ။ ကျေးလက်နေပြည်သူတွေ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ လုပ်ငန်းရှင်တွေပေါ်ထွက်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ကျန်တဲ့ကဏ္ဍတွေအနေနဲ့လဲ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းရှင်တွေပေါ်ထွက်ဖို့အတွက်ကို မွေးထုတ်ဆောင်ရွက်ပေးနေပါတယ်။ အခုဘဏ္ဍာနှစ်မှာတော့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ငါးခရိုင်မှာ ရွှေ့ပြောင်းစီမံကိန်းအနေနဲ့ သင်တန်းခုနစ်ကြိမ် ဖွင့်လှစ်သွားမှာပါ။ ဒီစီမံကိန်းတွေကနေ ဖွင့်လှစ်ပေးမဲ့သင်တန်းတွေမှာတော့ နိုင်ငံတော်ကနေပြီး အရင်းအနှီးတွေ၊ နည်းပညာတွေ၊ ဈေးကွက်ရရှိရေးကိုပါ ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ခရိုင်ငါးခရိုင်မှာ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်တို့ဖြစ်ကြောင်း သိရသည်။

ယခင်ဘဏ္ဍာနှစ်က အဆိုပါစီမံကိန်းကို ခရိုင်လေးခရိုင်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အသက်မွေးဝမ်းကျောင်းသင်တန်းကို ရှစ်ကြိမ်လျာထားဖွင့်လှစ်ခဲ့ရာ သင်တန်းကိုးကြိမ်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ သင်တန်းများကို လျာထားချက်ထက်ပိုမိုဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ သင်တန်းများဖွင့်လှစ်သင်ကြားပေးရခြင်းသည် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် လုပ်ငန်းရှင်များပေါ်ထွက်ရေးကို ရည်ရွယ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

(၁၈၅)

## မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ သမဝါယမအသင်းသားများကို သဘာဝမြေဩဇာအိတ် ၃၅၀ ဖြန့်ဖြူးရောင်းချပေးထား

မန္တလေး မေ ၃၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ သမဝါယမအသင်းသား တောင်သူများ၏ သီးနှံများအတွက် သွင်းအားစုများ ပြည့်ဝစွာသုံးစွဲနိုင်ရန် စမ်းဝတီသဘာဝမြေဩဇာအိတ် ၃၅၀ ကို ဖြန့်ဖြူးရောင်းချပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

ညောင်ဦးမြို့နယ်ရှိ သမဝါယမအသင်းသား တောင်သူများ၏ နွေစပါးနှင့် အခြားသီးနှံစိုက်ကေများအတွက် အပင်၏အာဟာရဓာတ်များပြည့်ဝစွာသုံးစွဲနိုင်ရန် စမ်းဝတီသဘာဝမြေဩဇာများကို မေလအတွင်း သမဝါယမအသင်းငါးသင်း၊ အသင်းသားတောင်သူ ဦးရေ ၁၃၀ တို့၏ စိုက်ကေများအတွက် အိတ်ပေါင်း ၃၅၀ ကို ဖြန့်ဖြူးရောင်းချပေးထားကြောင်း သိရသည်။

"ညောင်ဦးမြို့နယ်အတွင်း နွေသီးနှံတွေစိုက်ပျိုးကြတဲ့ တောင်သူတွေကို လက်ငင်းငွေချေစနစ်နဲ့ကော၊ အရစ်ကျစနစ်နဲ့ပါဖြန့်ဖြူးရောင်းချပေးပါတယ်။ ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာနဲ့ တောင်သူတွေဝယ်ယူအသုံးပြုနိုင်ဖို့ ရည်ရွယ်တာပါ။ စမ်းဝတီမြေဩဇာက တောင်သူတွေ ရာသီမရွေး သုံးနိုင်အောင် ဖြန့်ဖြူးပေးသွားဖို့ စီစဉ်ဆောင်ရွက်ထားတာပါ။ တောင်သူတွေကိုတစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပေးတဲ့သဘောပါ။ အဲဒါကြောင့် တောင်သူတွေစိုက်ပျိုးမဲ့ စိုက်ကေတွေအတွက် အာဟာရဓာတ်တွေကို ပြည့်ပြည့်ဝဝသုံးစွဲစေပြီး အထွက်နှုန်းလဲတိုးတက်စေဖို့အတွက် စမ်းဝတီသဘာဝမြေဩဇာတွေကို ရောင်းချပေးတာပါ"ဟု ဦးလှိုင်မိုးက ပြောပြသည်။

အဆိုပါ စမ်းဝတီသဘာဝမြေဩဇာများကို ရောင်းချပေးသွားမည့်မြို့နယ်များမှာ ညောင်ဦးမြို့နယ်အပြင် ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်၊ အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ မြင်းခြံမြို့နယ် စသည့်မြို့နယ်များရှိ နွေသီးနှံစိုက်ကေများအတွက်လည်း ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

## မန္တလေးဈေးကွက်အတွင်း တောင်ပေါ်ဒေသများမှထွက်ရှိသည့် ပန်းနှမ်းများ အရောင်းအဝယ်ကောင်းနေ

မန္တလေး မေ ၃၀

မန္တလေး ဈေးကွက်အတွင်း တောင်ပေါ်ဒေသများမှ စိုက်ပျိုးပြီး ထွက်ရှိလာသည့် ပန်းနှမ်းများ အရောင်းအဝယ် ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

အဆိုပါပန်းနှမ်းကို အိန္ဒိယနိုင်ငံက အများဆုံးဝယ်ယူလျက်ရှိပြီး ဒုတိယအများဆုံးအဖြစ် တရုတ်နိုင်ငံက ဝယ်ယူကြကြောင်း၊ လက်ရှိအချိန်တွင် ပန်းနှမ်း ၄၅ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ နှုန်းထိ ဈေးရရှိကြောင်း၊ ယခုနှစ်တွင် ပန်းနှမ်းအထွက်နှုန်းလည်း ကောင်းမွန်ကြောင်း သိရသည်။

"ဒီပန်းနှမ်းကို ပြည်တွင်း၊ ပြည်ပက ဝယ်ယူကြပါတယ်။ ပြည်တွင်းမှာတော့ ဆီကြိတ်ပြီး အချို့မုန့်လုပ်ငန်းတွေမှာ အကြော်ဆီအနေနဲ့အသုံးပြုကြတယ်။ ပြည်ပနိုင်ငံတွေမှာတော့ ဆီအဖြစ်ထုတ်လုပ်ပြီး စားသုံးရုံသာမက အလှကုန်ပစ္စည်းနဲ့ ဆေးဝါးထုတ်လုပ်တဲ့နေရာတွေမှာလဲ အသုံးပြုကြတယ်လို့ သိရပါတယ်။ ဒါကြောင့် ရှမ်းတိုင်းရင်းသားတောင်သူတွေအနေနဲ့ သူတို့အတွက် အဓိကဝင်ငွေရရှိစေနိုင်တဲ့သီးနှံအဖြစ် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြပါတယ်"ဟု ဦးစိုးဝင်းမြင့်က ဆက်လက်ပြောပြသည်။

အဆိုပါပန်းနှမ်းသည် တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးနိုင်ကြောင်း၊ ၎င်းပန်းနှမ်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (တောင်ပိုင်း)ဒေသများ၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းဒေသတို့တွင် အဓိကစိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းပန်မြို့နယ်၌ မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**မိုင်းပန် မေ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ သုံးသပ်ဆွေးနွေးပွဲကို မေ ၂၉ ရက် နံနက်ပိုင်းက အဆိုပါဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းနုက အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်များနှင့် သုံးသပ်ဆွေးနွေးပွဲအကြောင်း သိကောင်းစရာများကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ ကော်မတီဝင်များနှင့်အတူ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ အတိုးအရင်းပေးဆပ်မှု အခြေအနေများ၊ စီမံကိန်းမှရရှိလာသော အတိုးငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအပေါ် အားသာချက်များနှင့် အားနည်းချက်များသုံးသပ်ဆွေးနွေး အကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကော်မတီဝင်များ၏ တင်ပြချက်များအပေါ် မြို့နယ်အဆင့်တာဝန်ရှိသူများက စီမံကိန်းလုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အေးသူ**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပြင်ဦးလွင်မြို့နေ ဦးသောင်း-ဒေါ်ခင်ပုံ မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ် မြို့နယ်သုံးမြို့နယ်၌ ကုန်းမြင့်လယ်ယာမြေ ၂၂၉ ဧက အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်



**နေပြည်တော် မေ ၃၀**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ် မြို့နယ်သုံးမြို့နယ်၌ ကုန်းမြင့်လယ်ယာမြေ ၂၂၉ ဧက အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သတင်းများအရ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၏ ချင်းပြည်နယ် ဟားခါးမြို့မှ အမှတ် (၃) ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းရုံးအနေဖြင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ကုန်းမြင့်လယ်ယာမြေ ၂၂၉ ဧကကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စီမံကိန်းနေရာရွေးချယ်ဆောင်ရွက်ရာတွင် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်နေသူများ လက်ရှိနေထိုင်သောအခြေအနေနှင့် အသင့်တော်ဆုံးနေရာဖြစ်ခြင်း၊ စိုက်ပျိုးရန်မြေသဘာဝအခြေအနေပေးသည့် နေရာဖြစ်ခြင်း၊ တောင်စောင်းဆင်ခြေလျှော အနေအထားအပေါ် စိစစ်ရွေးချယ်ခြင်း၊ ကျေးရွာသစ်တူထောင်ရန် လိုအပ်ပါက ပြန်လည်နေရာချထားရန် သင့်တော်သည့်နေရာဖြစ်ခြင်းစသည့် အချက်များပေါ်တွင် မူတည်၍ ရွေးချယ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် စိုက်ပျိုးမည့်သီးနှံအမျိုးအစား၊ ရေရရှိမှုအခြေအနေ၊ ကုန်းမြင့်၏ ဆင်ခြေလျှောအနေအထား၊ တောင်သူများ၏ဆန္ဒလိုလားချက်များကို ညှိနှိုင်းပေါင်းစပ်၍ တောင်စောင်းလယ်ယာမြေ ဖော်ထုတ်နိုင်ခြင်း သို့မဟုတ် လှေကားထစ် လယ်ယာမြေဖော်ထုတ်နိုင်ခြင်း သို့မဟုတ် တောင်စောင်းလယ်ယာမြေနှင့် လှေကားထစ်လယ်ယာမြေ ပေါင်းစပ်ဖော်ထုတ်နိုင်ခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများက အလွယ်တကူလက်ခံဆောင်ရွက်နိုင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့် ဒေသခံတိုင်းရင်းသားများအနေဖြင့်လည်း ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရာတွင် ပူးပေါင်းပါဝင်အကောင်အထည်ဖော်ခြင်း၊ မြေဆီလွှာပျက်စီးဆုံးရှုံးမှုကို တားဆီးကာကွယ်နိုင်ခြင်း၊ ဝင်ငွေရသီးနှံတစ်မျိုးမျိုးကို အခြေခံပြီး သီးထပ်သီးနှံတစ်မျိုး စိုက်ပျိုးနိုင်ခြင်း၊ ဒေသဝမ်းစာဖူလုံခြင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

SKL

# (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအား သန့်ရှင်းရေးဆောင်ရွက်

**မန္တလေး မေ ၃၀**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအား ရေသပ္ပာယ်ခြင်း၊ စေတီရင်ပြင်တော်နှင့် သာသနိကအဆောက်အအုံများအား သန့်ရှင်းရေးပြုလုပ်ခြင်းလုပ်ငန်းများကို ယနေ့နံနက် ၇ နာရီမှ ၉ နာရီထိ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၂၀၀ ဖြင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်အပြီးတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း-ဒေါ်သစ်သစ်လှိုင် မိသားစုက ငွေကျပ်တစ်သိန်း၊ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကျင်းပရေးဦးစီးကော်မတီက ငွေကျပ် နှစ်သိန်း၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ် ငါးသိန်းကို မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအား လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နည်းတူ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်ရှိ အင်းခရုဆုတောင်းပြည့်စေတီအား ရေသပ္ပာယ်ခြင်း၊ စေတီတော်ရင်ပြင်အား သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် အင်းခရု ဘုန်းတော်ကြီးကျောင်းအား သောက်သုံးရေ ဂါလန် ၁၆၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်သူရ**

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၆၉၄၁ ဧက ရိတ်သိမ်းပြီးစီး

**ကန့်ဘလူ မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၆၉၄၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောကုလားပဲများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၆၉၄၁ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၅ ဒသမ ၃၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲ ၆၉၄၁ ဧက စိုက်ပျိုးထားတယ်။ လက်ရှိ ကုလားပဲစိုက်ခင်းတွေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိပ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲ ဧက ၆၈၄၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၆၉၄၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။


ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးရာ၌ ကုလားပဲကိုအများဆုံးစိုက်ပျိုးကြပြီး ပဲမျိုးစုံစိုက်ပျိုးချိန်တွင် ထရိုင်ကိုဒါမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်း လုပ်ငန်းများကို အကျိုးဆောင် တောင်သူများအား ချိတ်ဆက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီးအထွက်နှုန်းကောင်းမွန်သည့်ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

(၂၀၆)



# ရတနာပုံသတင်းစာ ၃၂ နှစ်တာ ခရီး

စိုးနိုင်(ကျောက်တန်း)




မန္တလေးမြို့၏ မြို့ဂုဏ်ဆောင်တစ်ခုဖြစ်သော ရတနာပုံသတင်းစာသည် ၂၀၂၄ ခုနှစ် မေ ၁ ရက်နေ့တွင် ၃၂ နှစ်တာခရီးသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ရတနာပုံသတင်းစာသည် ထိုကဲ့သို့သော သက်တမ်းကာလအတွင်း တွေ့ကြုံခဲ့ရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည်။ သတင်းစာဖတ်ပရိသတ်များ လက်ခံဖတ်ရှုနိုင်သော သတင်းများကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပါရှိနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မန္တလေးမြို့၌ နောက်ဆုံးထုတ်ဝေခဲ့သော ဟံသာဝတီသတင်းစာကို ၁၉၆၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်ထုတ်ဝေခဲ့ပြီး ၁၉၇၈ ခုနှစ် ဇွန် ၃၀ ရက်တွင် ရပ်ဆိုင်းသွားခဲ့ရသည်။ ထိုစဉ်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်က ယခင် ဟံသာဝတီသတင်းစာတိုက်ဟောင်း၏ ပုံနှိပ်စက်များကို တွေ့ရသောကြောင့် ရတနာပုံသတင်းစာထုတ်ဝေရန်အတွက် အားပေးဖော်ဆောင်ခဲ့သည်။ ထို့ကြောင့် ၁၉၉၂ ခုနှစ် မေ ၁ ရက်တွင် မန္တလေးမြို့ရှိ ဒေသခံ သတင်းစာဆရာများ၏ စုစည်းညီညွတ်မှုဖြင့် ရတနာပုံ ဝိုင်းတော်သားများကိုဖွဲ့စည်း၍ ရတနာပုံသတင်းစာကို သန္ဓေတည်မွေးဖွားပေးခဲ့သည်။ မန္တလေးမြို့နှင့် အထက်မြန်မာနိုင်ငံရှိ ပြည်သူများ၏ သတင်းစာတောင့်တမှုကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

သတင်းစာမှတစ်ဆင့် ကောင်းရာသင့်ရာသတင်းများ၊ ကောင်းနိုးရာရာ ထင်မြင်ယူဆချက်များ၊ လူမှုဘဝ၏ နိစ္စဓူဝကြုံတွေ့ဖြစ်ပျက်မှုများထဲမှ သင်ခန်းစာယူစရာ၊ မှတ်သားစရာများ၊ ပြည်သူတို့၏မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုစသည်တို့ကို စာဖတ်သူများ၊ တစ်နည်းအားဖြင့် သတင်းစာဖတ်သူတို့ထံ နေ့စဉ်အရောက်ပို့ပေးနေရသည့် ဝန်ဆောင်မှုအလုပ်တစ်ခုလည်းဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာကျော် သမိုင်းပညာရှင် ပါမောက္ခတိုင်းဗွီးက "သတင်းစာဟူသည် အသိဉာဏ်ပွင့်လင်းမှုများစီးဆင်းရာ သန့်စင်ကြည်လင်သော မြစ်ကြီးပမာဖြစ်သည်"ဟု ဆိုထားသည်။

ရတနာပုံသတင်းစာကို အသိဉာဏ်ဗဟုသုတရလိုကြသည့် မန္တလေးမြို့ပေါ်နေ ပြည်သူများနှင့် လက်လှမ်းမီရာ ကျေးလက်နေပြည်သူများက နေ့စဉ်မှာယူဖတ်ရှုကြရာ၌ နိုင်ငံအတွင်းရှိ သတင်းစာဖတ်ရှုနိုင်သော လူဦးရေနှင့်နှိုင်းစာကြည့်လျှင် သတင်းစာဖတ်ပရိသတ်နည်းပါးသေးသည်ဟု ဆိုရမည်ဖြစ်သည်။ Online Media များ လွှမ်းမိုးမှုကြောင့်လည်း သတင်းစာဖတ်ရှုမှု နည်းလာသည်ဟု ဆိုရမည်ဖြစ်သည်။

စာဖတ်ပရိသတ်များ သိထားရမည်မှာ သတင်းစာတစ်စောင်၏တန်ဖိုးသည် လက်ဖက်ရည်တစ်ခွက်စာပင် မရှိသော်လည်း သတင်းစာတစ်စောင်ကိုဖတ်ပြီးလျှင် များစွာသောအကြောင်းအရာတို့ကို တစ်ထိုင်တည်းသိရှိနိုင်မည်ဖြစ်သည်။ ပြည်သူများအနေဖြင့် အသိဉာဏ်ပညာဗဟုသုတရရှိကြရန် သတင်းစာဖတ်ကြရမည်ဖြစ်သည်။ မိမိနိုင်ငံတွင် ဖြစ်ပျက်ပြောင်းလဲမှု၊ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များကို သိမြင်ဖတ်ရှုရခြင်းအားဖြင့် သတင်းစာသည် ပြည်သူနှင့် ကူးလူးဆက်နွယ်နေသော မီဒီယာဖြစ်သည်ကို လက်ခံကြရမည်ဖြစ်ပါသည်။

သတင်းစာသည် ပြည်တွင်း၊ ပြည်ပတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးကို အကုန်အစင်မဟုတ်သော်လည်း သိသင့်သိထိုက်၊ မှတ်သင့်မှတ်ထိုက်သည်များကို ပြည်သူများသိရှိစေရန် ဖော်ပြပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် သတင်းစာသည် ပြည်သူတို့၏ နားနှင့်မျက်စိသဖွယ်ဖြစ်ပြီး သတင်းမီဒီယာများနှင့် ကင်းကွာနေသူများသည် နားနှင့်မျက်စိ ပိတ်ထားသကဲ့သို့ဖြစ်နေမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ သတင်းစာဟူသည် အသိဉာဏ်ပွင့်လင်းမှုများစီးဆင်းရာ သန့်စင်ကြည်လင်သော မြစ်ကြီးပမာဖြစ်၍ ပြည်သူများအနေဖြင့် မဖြစ်မနေ ဖတ်ရှုသင့်သည့်အပြင် သတင်းစာများကိုဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိစေရန်၊ သတင်းစာများကို စဉ်ဆက်မပြတ်ဖတ်ရှုနိုင်စေရန် အကျိုးဆောင်ပေးရသောလုပ်ငန်းဖြစ်၍ မွန်မြတ်လှသောလုပ်ငန်းတစ်ခုဟု ဆိုရမည်ဖြစ်ပါသည်။

ထိုမွန်မြတ်လှသော လုပ်ငန်းများထဲမှ မန္တလေးမြို့၏ မြို့ဂုဏ်ဆောင် သတင်းစာတစ်စောင်ဖြစ်သော ရတနာပုံသတင်းစာသည် ၂၀၂၄ ခုနှစ် မေ ၁ ရက် (ယနေ့)တွင် ၃၂ နှစ်တာခရီးသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ထိုသက်တမ်းကာလအတွင်း ရတနာပုံသတင်းစာသည် တွေ့ကြုံခဲ့ရသည့် ခရီးစဉ်တစ်လျှောက်တွင် စတုတ္ထမဏ္ဍိုင်ပီပီ သတင်းမီဒီယာကျင့်ဝတ်တို့ကို စောင့်ထိန်းလျက် ဘက်လိုက်မှုကင်းစွာ သတင်းစာဖတ်ပရိသတ်ကျေနပ်စေရန်၊ နိုင်ငံတော်နှင့်ပြည်သူအကျိုးဖြစ်ထွန်းစေရန် သတင်းဦး၊ သတင်းထူးများကို ဖော်ပြပေးနိုင်ခဲ့ပြီး တွေ့ကြုံခဲ့ရသည့် အခက်အခဲများစွာကိုလည်း အောင်မြင်စွာ ရင်ဆိုင်ကျော်ဖြတ်ခဲ့သည်။

ရတနာပုံသတင်းစာသည် မြန်မာနိုင်ငံ၏ သတင်းစာလောက၌ အတိုင်းအတာတစ်ခုထိ နေရာရရှိထားပြီးဖြစ်သည်။ သို့သော် ယနေ့မျက်မှောက်ကာလတွင် Online Media များ၏ လွှမ်းမိုးထားမှုကို ထိုးဖောက်နိုင်ရန် အစဉ်ကြိုးပမ်းနေရဆဲဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ယနေ့ခေတ်တွင် ပြည်သူလူထုအနေဖြင့် မိမိနိုင်ငံတွင်လည်းကောင်း၊ ကမ္ဘာကြီးတွင်လည်းကောင်း နေ့စဉ်ဖြစ်ပျက်နေသော သတင်းများကို မြန်မြန်ဆန်ဆန် သိရှိလိုကြသည်။ ထို့ကြောင့် နေ့စဉ်ထုတ်သတင်းစာများသည် သတင်းဦး၊ သတင်းထူးများ၊ လတ်ဆတ်သောသတင်းများကို အချိန်နှင့်တစ်ပြေးညီ ရေးသားဖော်ပြပေးကြရမည်ဖြစ်သည်။ သတင်းထောက်များအတွက် သတင်းဦး၊ သတင်းထူးရရှိရန် အရေးပါသကဲ့သို့ သတင်းစာတစ်စောင်အတွက်လည်း တိကျမှန်ကန်သော သတင်းဦး၊ သတင်းထူးများ ဆောလျင်စွာပါရှိမှသာ ပြည်သူများ တစ်နည်းအားဖြင့် သတင်းစာဖတ်ပရိသတ် ပိုမိုစိတ်ဝင်စားကာ ဖတ်ရှုကြမည်ဖြစ်ပါသည်။

သတင်းစာတစ်စောင်ဖြစ်ရန်အတွက်မလွယ်ကူလှပေ။ ထို့အတူ သတင်းစာတစ်စောင် ရပ်တည်နိုင်ရန်အတွက်လည်း မည်မျှကြိုးပမ်းဆောင်ရွက်ရသည်ကို သတင်းစာလုပ်ငန်း လုပ်ကိုင်နေသူတို့သာ ခံစားနားလည်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဝါရင့်သတင်းစာဆရာကြီးများက "သတင်းစာဆရာ၊ သတင်းသမားတွေဟာ နေဝင်တာလဲ မသိရ၊ နေထွက်တာလဲ မမြင်ရပါဘူး"ဟု သတင်းစာသမားများဘဝကို စာနာစွာပြောစမှတ်ပြုခဲ့ကြသည်။ သို့ဖြစ်ရာ သတင်းစာလုပ်ငန်းသည် စိတ်ဓာတ်၊ ဇွဲ၊ လုံ့လ အားကြီးသူများနှင့်သာထိုက်တန်သည့်လုပ်ငန်းတစ်ခုဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

မန္တလေးမြို့ဂုဏ်ဆောင် မန္တလေးမြို့အခြေစိုက် ရတနာပုံသတင်းစာဖြစ်တည်လာခြင်းနှင့် ပြောင်းလဲတိုးတက်လာပုံအဆင့်ဆင့်ကို တင်ပြရလျှင် ယခင်က မန္တလေးမြို့ အခြေပြုထုတ်ဝေသော ဟံသာဝတီသတင်းစာကို ၁၉၇၈ ခုနှစ်တွင် ပိတ်သိမ်းခဲ့ပြီးနောက်ပိုင်း ၁၄ နှစ်တာကာလအတွင်း မန္တလေးမြို့နေပြည်သူများ မျက်စိပိတ်၊ နားပိတ်ဖြစ်ခဲ့ကြရသည်။ ထိုအချိန်တွင် မန္တလေးမြို့၌ သတင်းစာတစ်စောင်ပေါ်ထွက်လာရေး၊ အထက်မြန်မာပြည်သူများအတွက် သတင်းစာမျက်စိဖွင့်ပေး၍ အလင်းသစ်ပေးနိုင်ရေးအတွက် ၁၉၉၂ ခုနှစ် မေ ၁ ရက်တွင် ရတနာပုံသတင်းစာကို မန္တလေးမြို့ ၈၄ လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြားတွင် စတင်ထုတ်ဝေပေးခဲ့ခြင်းဖြစ်ပါသည်။

ရတနာပုံသတင်းစာ စတင်ထုတ်ဝေစဉ်က စာမျက်နှာ ၁၂ မျက်နှာသာပါရှိပြီး ခဲစာလုံးစာစီကာ ပြည်တွင်းဖြစ် ဘားပြာစက္ကူဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ရသည်။ စာမျက်နှာ နည်းနည်း၊ စက္ကူညံ့ညံ့၊ မင်ကျမင်နမသပ်ရပ်သေးသော ရတနာပုံသတင်းစာကို မန္တလေးမြို့နေ သတင်းစာဖတ်ပရိသတ်များက ရှားရှားပါးပါးထွက်ပေါ်လာသည့် မန္တလေးသတင်းစာတစ်စောင်အဖြစ် လက်ခံအားပေးဖတ်ရှုကြသည်။ မန္တလေးမြို့နေပြည်သူများ၏ အားပေးမှုကိုခံယူ၍ ရတနာပုံဝိုင်းတော်သားများအနေဖြင့် တွေ့ကြုံသမျှ အခက်အခဲများကို ဇွဲမလျှော့ဘဲ အံခဲကြိုးစားရုန်းကန်ကာ သတင်းစာဖတ်ပရိသတ်များအတွက် အကောင်းဆုံးပေးဆပ်နိုင်ရန် အစဉ်အမြဲ ကြိုးစားဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကြိုးစားဆောင်ရွက်လာခဲ့ကြရာ ရတနာပုံသတင်းစာကို မင်ကျမင်နနှင့် သန့်ရှင်းသပ်ရပ်စွာဖော်ပြပေးနိုင်ရေး၊ အချိန်နှင့်တစ်ပြေးညီ ဖြန့်ချိပေးနိုင်ရေးအတွက် ၁၉၉၇ ခုနှစ်တွင် ခဲစာလုံးစာစီမှ ကွန်ပျူတာစာစီစနစ်သို့ ပြောင်းလဲကာ စက္ကူကိုလည်း ပြည်တွင်းဖြစ် ဘားပြာစက္ကူအစား နိုင်ငံခြားဖြစ်စက္ကူဖြင့် ပြောင်းလဲရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထိုသို့လုပ်ဆောင်နိုင်သောကြောင့် ယခင်က မင်ကျမင်နမကောင်းသော သတင်းစာသည် ပိုမိုအရည်အသွေးကောင်းမွန်လာပြီး ခဲစာလုံးစီရာမှ ကွန်ပျူတာစာစီစနစ်ပြောင်းလဲခြင်းကြောင့် ပိုမိုမြန်ဆန်ကာ သတင်းစာဖတ်ပရိသတ်လက်ထဲသို့ မြန်ဆန်စွာအရောက်ပေးပို့နိုင်ခဲ့သည်။

ရတနာပုံသတင်းစာကို ထိုသို့ပြောင်းလဲထုတ်ဝေပေးလျက်ရှိရာ ပြည်သူများအား ပိုမိုကျယ်ပြန့်စွာ အသိပညာပေးနိုင်ရန်အတွက် ၂၀၀၇ ခုနှစ်တွင် သတင်းစာ စာမျက်နှာ ၁၆ မျက်နှာသို့ တိုးတက်ထုတ်ဝေနိုင်ခဲ့သည်။

**❖ ထိုမွန်မြတ်လှသောလုပ်ငန်းများထဲမှ မန္တလေးမြို့၏ မြို့ဂုဏ်ဆောင် သတင်းစာတစ်စောင်ဖြစ်သော ရတနာပုံသတင်းစာသည် ၂၀၂၄ ခုနှစ် မေ ၁ ရက် (ယနေ့)တွင် ၃၂ နှစ်တာခရီးသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ထိုသက်တမ်းကာလအတွင်း ရတနာပုံသတင်းစာသည် တွေ့ကြုံခဲ့ရသည့် ခရီးစဉ်တစ်လျှောက်တွင် စတုတ္ထမဏ္ဍိုင်ပီပီ သတင်းမီဒီယာကျင့်ဝတ်တို့ကို စောင့်ထိန်းလျက် ဘက်လိုက်မှုကင်းစွာ သတင်းစာဖတ်ပရိသတ်ကျေနပ်စေရန်၊ နိုင်ငံတော်နှင့်ပြည်သူအကျိုးဖြစ်ထွန်းစေရန် သတင်းဦး၊ သတင်းထူးများကို ဖော်ပြပေးနိုင်ခဲ့ပြီး တွေ့ကြုံခဲ့ရသည့်အခက်အခဲများစွာကိုလည်း အောင်မြင်စွာရင်ဆိုင်ကျော်ဖြတ်ခဲ့သည်။ ❖**

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၂၄၇၂၇ ဧက ရိတ်သိမ်းပြီးစီး

**မုံရွာ မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၂၄၇၂၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။



အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၄၇၂၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉ ဒသမ ၂၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက အရာတော်မြို့နယ်မှာ နှမ်း ၂၄၇၂၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ စိုက်ပျိုးထားတဲ့ စိုက်ခင်းတွေကို ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက အသိပညာပေးခဲ့ကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရရှိခြင်းကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ထို့ပြင် လုပ်ငန်းပိုမိုမြန်ဆန်စေရန် ယခင် ရှက်ထိုးပုံနှိပ်စက်အစား 5 Unit ပတ်လည်ပုံနှိပ်စက်ဖြင့် ပုံနှိပ်ခြင်းကို ၂၀၀၈ ခုနှစ်တွင် ပြောင်းလဲလုပ်ဆောင်နိုင်ခဲ့သည်။ ထို့ပြင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ စာမျက်နှာ ၁၆ မျက်နှာမှ စာမျက်နှာ ၂၀ ထိလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် စာမျက်နှာ ၂၀ မှ စာမျက်နှာ ၂၄ မျက်နှာထိလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် စာမျက်နှာ ၂၄ မျက်နှာမှ စာမျက်နှာ ၃၂ မျက်နှာထိလည်းကောင်း အဆင့်ဆင့်ပြောင်းလဲထုတ်ဝေနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လ ၂၇ ရက်မှစ၍ ရတနာပုံသတင်းစာ စာမျက်နှာ ၃၂ မျက်နှာစလုံးကို ရောင်စုံကာလာဖြင့် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။

ရတနာပုံသတင်းစာဝိုင်းတော်သားများသည် သတင်းစာဖတ်ပရိသတ်ပြည်သူများအတွက် ပုံနှိပ်အရည်အသွေး ပိုမိုကောင်းမွန်ရေးစဉ်ဆက်မပြတ်ကြိုးပမ်းလျက်ရှိရာ ယခင် CTF (Computer to Film) စနစ်မှ CTP (Computer to Plate) စနစ်သို့ ၂၀၁၅ ခုနှစ် မေ ၂၃ ရက်မှစ၍ ပြောင်းလဲလုပ်ဆောင်နိုင်ခဲ့သည်။ ထို့အတူ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ စာမျက်နှာ ၁၂ နှင့် စာမျက်နှာ ၁၃ တို့တွင် သတင်းများကို အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြပေးနိုင်ခဲ့ပြီး အခြားသော သတင်းဦး၊ သတင်းထူးများ၊ သုတ၊ ရသဆောင်းပါးများ၊ ဘာသာပြန်ဆောင်းပါးများ၊ ကျန်းမာရေးဆောင်းပါးများ၊ ခရီးသွားဆောင်းပါး၊ နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ၊ ကလေးစာပေကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ အနုပညာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတို့အပြင် အားကစား၊ ကာတွန်း၊ ကဗျာတို့ကိုလည်း သတင်းစာဖတ်ပရိသတ်များအကြိုက် ရောင်စုံကာလာဖြင့် ဝေဝေဆာဆာဖော်ပြပေးလျက်ရှိပါသည်။

သတင်းစာအရည်အသွေးပိုမိုကောင်းစေရန်နှင့် လုပ်ငန်းပိုမိုမြန်ဆန်စေရန်အတွက် ၂၀၁၈ ခုနှစ် မတ် ၂၇ ရက်မှစ၍ စက်အမျိုးအစား Orient X-CEL 4 Hi Tower Orient X-CEL ဖြင့် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။

အချုပ်အားဖြင့်ဆိုရပါမူ ရတနာပုံဝိုင်းတော်သားများအနေဖြင့် ပြည်သူများအတွက် တစ်နည်းအားဖြင့် သတင်းစာဖတ်ပရိသတ်များအတွက် အသိဉာဏ်ပွင့်လင်းမှုပေးသော ရတနာပုံသတင်းစာကို ၃၂ နှစ်တာခရီးမှသည် နောင်ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတု စသည့်ရတုအဆက်ဆက်တိုင်အောင် ရေရှည်ရပ်တည်လျှောက်လှမ်းနိုင်ရန်အတွက် အစဉ်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရတနာပုံသတင်းစာ ၃၂ နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

## တို့ချစ်သော ရတနာပုံ

- တို့ချစ်သော ရတနာပုံ၊
ဖတ်ရှုသူ စိတ်ပြတင်း
အလင်းရောင်ခြည်၊
သုတမှ ရသအစုံ
အဖုံဖုံ တင်ဆက်၊
ပစ္စုပ္ပန် ကြောင်းရင်းပြု
ဖွံ့ဖြိုးမှုဘက်။

- တို့ချစ်သော ရတနာပုံ၊
ပြည်သူကို သတင်းအရေး
ပေးခဲ့ စာဂုဏ်၊
စိတ်အလှ သင်းထုံထုံ
ပန်းဝတ်မှုန် ရနံ့၊
လူထုပေါ် အုပ်ဖြာမိုးလို့
ကောင်းကျိုးကို ဖြန့်။

- တို့ချစ်သော ရတနာပုံ၊
သတင်းမှန် ဆောင်ယူသုံးလို့
ကျင့်ထုံး ကုံလုံ၊
အေးချမ်းခြင်း အသိုက်အမြုံ
ရပ်ဝန်းဇုန်က စံပြု၊
ဝိုင်းတော်သူ ဝိုင်းတော်သား
ပြည် အားထားရ။

- တို့ချစ်သော ရတနာပုံ၊
ရှေ့သို့ရည် မြတ်စိတ်ဓာတ်နဲ့
အောင်ရပ် ခိုလှုံ၊
ဘဝတစ်ကွေ့ လှပြည်ဘုံ
တန်ဖိုးဂုဏ် ကိုယ်တိုင်မြင့်၊
နိမိတ် ချစ်ရာတွေနဲ့
စိတ်မေတ္တာ တိုးနှောင်ဖွဲ့လို့
အရိပ်စစ်သာ ပျိုးထောင်ခဲ့တော့
သွေ့ဘွဲ့က တင့်။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## အစ္စရေး၏ အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်အမြန်လက်ခံရန် ဟားမတ်စ်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း



**ရီယာ့ဒ် မေ ၃၀**

ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများပြန်လွတ်ရေးတို့အတွက် အစ္စရေးနိုင်ငံက တင်ပြထားသည့်အဆိုပြုချက်တစ်ရပ်ကို အမြန်ဆုံးလက်ခံရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က မေ ၂၉ ရက်တွင် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုကို တိုက်တွန်းခဲ့သည်။

မေ ၂၈ ရက်တွင် အစ္စရေးနိုင်ငံက တင်ပြထားသည့် အဆင့်ဆင့်အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို တုံ့ပြန်အဖြေပေးရေးအတွက် ဟားမတ်စ်အုပ်စုတာဝန်ရှိသူများအနေဖြင့် ကာတာတာဝန်ရှိသူများ၊ အီဂျစ်တာဝန်ရှိသူများနှင့် ဆွေးနွေးဖွယ်ရှိသည်။

ဟားမတ်စ်အုပ်စု အနေဖြင့် အစ္စရေးဘက်က သဘောထားကြီးစွာဖြင့် ကမ်းလှမ်းထားသည့် အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို လက်ခံရရှိထားကြောင်းအမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ဆော်ဒီအာရေဗျနိုင်ငံ၌ကျင်းပသည့်ကမ္ဘာ့စီးပွားရေးဖိုရမ်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ဂါဇာပြည်သူများနှင့် အပစ်အခတ်ရပ်စဲရေးတို့ကြား ခုခံမှုအဖြစ်ရှိနေသူမှာ ဟားမတ်စ်အုပ်စုဖြစ်ရာ ယင်းအုပ်စုအနေဖြင့် အစ္စရေး၏အဆိုပြုချက်ကို အမြန်ဆုံးလက်ခံသင့်ကြောင်း နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ဟားမတ်စ်အုပ်စုကို တိုက်တွန်းခဲ့သည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လက်ရှိတွင် ခုနစ်လကျော်ကာလအတွင်း ဝင်ရောက်လာပြီဖြစ်သည့် ဂါဇာစစ်ပွဲစတင်ခဲ့ရသည်။

ဂါဇာစစ်ပွဲ ကာလအတွင်း အစ္စရေး၏စစ်ရေးအရတိုက်ခိုက်မှုများကြောင့် ဂါဇာဒေသ၌ ပါလက်စတိုင်းလူမျိုး ၃၀၀၀၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အင်ဒိုနီးရှားနွယ်ဖွား ပြည်ပအလုပ်သမားများကို နှစ်နိုင်ငံ နိုင်ငံသားခံယူခွင့် အင်ဒိုနီးရှားပေးဖွယ်ရှိ

**ဂျကာတာ မေ ၃၀**

ကျွမ်းကျင်လုပ်သားအင်အားစုများကို ဆွဲဆောင်နိုင်ရေးအတွက် အင်ဒိုနီးရှားနွယ်ဖွား ပြည်ပနိုင်ငံသားများကို နှစ်နိုင်ငံနိုင်ငံသားအဖြစ် ခံယူခွင့်ပေးရန် အင်ဒိုနီးရှားအစိုးရက စဉ်းစားနေကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် ကျွမ်းကျင်အလုပ်သမားလိုအပ်ချက်အတွက် အင်ဒိုနီးရှားနွယ်ဖွားပြည်ပအလုပ်သမားများကို နှစ်နိုင်ငံနိုင်ငံသားအဖြစ် ခံယူခွင့်ပေးနိုင်ဖွယ်ရှိသည်ဟု အင်ဒိုနီးရှားအစိုးရထိပ်တန်း တာဝန်ရှိသူတစ်ဦးက ထုတ်ဖော် ပြောကြားထားကြောင်း သိရသည်။

သို့သော် ပြည်ပကျွမ်းကျင်အလုပ်သမားများအား နှစ်နိုင်ငံ နိုင်ငံသားခွင့်ယူခွင့်ပေးရေး အစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို အင်ဒိုနီးရှားတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အင်ဒိုနီးရှား ဥပဒေများတွင် အရွယ်ရောက်သူများ နှစ်နိုင်ငံနိုင်ငံသားခံယူမှုကို အသိအမှတ်ပြုထားခြင်းမရှိကြောင်း သိရသည်။

အင်ဒိုနီးရှား ဥပဒေများအရ ကလေးဘဝတွင် နိုင်ငံကူးလက်မှတ်နှစ်ခုကိုင်ထားနိုင်ပြီး အသက် ၁၈ နှစ်ပြည့်ချိန်တွင် ကြိုက်ရာတစ်နိုင်ငံသာရွေးချယ်၍ နိုင်ငံသားအဖြစ် ခံယူခွင့်ပေးထားသည်။

၂၀၁၉ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြားကာလအတွင်း အင်ဒိုနီးရှားလူမျိုး ၄၀၀၀နီးပါးမှာ စင်ကာပူနိုင်ငံသားအဖြစ် ခံယူခွင့်ရခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရ စာရင်းဇယားများအရ သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ပီရူးမြောက်ပိုင်း၌ ခရီးသည်တင်ဘတ်စကားတစ်စီး မြစ်ထဲထိုးကျ လူပေါင်း ၂၅ ဦး သေဆုံး

**လီမာ မေ ၃၀**

ပီရူးနိုင်ငံမြောက်ပိုင်း အင်ဒီယန်တောင်ကုန်းဒေသ၌ ခရီးသည်တင်ဘတ်စကားတစ်စီး တောင်ပေါ်မှမြစ်တစ်စင်းအတွင်း ထိုးကျခဲ့ရာ လူပေါင်း ၂၅ ဦးသေဆုံး၍ ၁၃ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ပီရူးတာဝန်ရှိသူများက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါဘတ်စကားသည် မေ ၂၈ ရက်တွင် ဆိုရှိချူကို အမည်ရှိမြို့တစ်မြို့ဆီသို့ ဦးတည်မောင်းနှင်နေစဉ် တိမ်းမှောက်ခဲ့ပြီးနောက် တောင်စောင်းအတိုင်းလိမ့်ဆင်း၍ မြစ်အတွင်း ကျရောက်ခဲ့ခြင်း ဖြစ်သည်။

ခရီးသည်တင် ဘတ်စကား တောင်အောက်ထိုးကျခဲ့ရာ နေရာသည် အလွန်ကြမ်းတမ်းသည့် တောင်ပေါ်လမ်းပိုင်းဖြစ်ပြီး ယာဉ်မတော်တဆမှုမှာလည်း ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပီရူးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းခရီးသည်တင် ဘတ်စကားသည်စီလန်ဒင်းအမည်ရှိ မြို့တစ်မြို့မှထွက်ခွာလာသည့် ဘတ်စကားဖြစ်ကြောင်း ပီရူးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပီရူးနိုင်ငံ၏ ဘေးအန္တရာယ်များသောတောင်ပေါ်လမ်းများ၌ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလကလည်း ခရီးသည်တင်ဘတ်စကားတစ်စီးတောင်စောင်းပေါ်မှ ထိုးကျခဲ့ရာ အနည်းဆုံးလူပေါင်း ၂၀ သေဆုံးခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ဖင်းအဲလေကြောင်းလိုင်းက ဂျီပီအက်စ်အချက်ပြလှိုင်းများပြတ်တောက်မှုကြောင့် အက်စတိုးနီးယားအရှေ့ပိုင်းခရီးစဉ်များကို တစ်လကြာရပ်နားမည်ဟုထုတ်ပြန်

**ဟယ်လ်ဆင်ကီး မေ ၃၀**

ဂြိုဟ်တု တည်နေရာပြစနစ် (ဂျီပီအက်စ်) ဖောက်ပြန်နေမှုများကြောင့် အက်စတိုးနီးယားနိုင်ငံအရှေ့ပိုင်း တာတူမြို့သို့ ခရီးသည်တင်လေယာဉ် ပျံသန်းပြေးဆွဲမှုများ တစ်လကြာရပ်ထားမည်ဖြစ်ကြောင်း ဖင်လန်နိုင်ငံအခြေစိုက် ဖင်းအဲလေကြောင်းလိုင်းက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဂျီပီအက်စ်အချက်ပြလှိုင်းများဖောက်ပြန်မှုပြဿနာသည် အရှေ့ဥရောပ၊ ပင်လယ်နက်ဒေသနှင့် အရှေ့အလယ်ပိုင်း ဒေသတို့၌ တဖြည်းဖြည်းဆိုးရွားလာသည်။

အဆိုပါ ဒေသအားလုံးသည် စစ်ရေးပဋိပက္ခများ ဖြစ်ပွားနေသည့်နေရာများအနီးတည်ရှိသည်။

ဂျီပီအက်စ်လိုင်းများ အနှောင့်အယှက်ပေးခံနေရမှု ပြဿနာကြောင့် အက်စတိုးနီးယားအရှေ့ပိုင်း တာတူမြို့သို့ လေကြောင်းခရီးစဉ်ပြေးဆွဲမှုများ မေ ၂၉ ရက်မှ မေ ၃၁ ရက်ထိ ရပ်ထားမည်ဖြစ်ကြောင်း ဖင်းအဲလေကြောင်းလိုင်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အက်စတိုးနီးယားအရှေ့ပိုင်း၌ ဂျီပီအက်စ်လှိုင်းများအနှောင့်အယှက်ဖြစ်နေမှုသည် ရုရှားနိုင်ငံ၏ပယောဂ မကင်းကြောင်း အက်စတိုးနီးယားအစိုးရက စွပ်စွဲထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဖင်းအဲလေကြောင်းလိုင်းမှ လေယာဉ်နှစ်စင်းသည် တာတူမြို့အနီးချဉ်းကပ်ရာတွင် ဂျီပီအက်စ်လှိုင်းများ ပြတ်တောက်မှုကြောင့် ဟယ်လ်ဆင်ကီးမြို့သို့ နောက်ကြောင်း ပြန်လှည့်ခဲ့ရကြောင်း သိရသည်။




**Ref : Xinhua**
**Trs : KKO**

## အိန္ဒိယခရီးစဉ်ကိုဖျက်၍ တရုတ်သို့သွားရောက်ခဲ့သည့် တက်စလာအကြီးအကဲကို အိန္ဒိယမီဒီယာများဝေဖန်

**ဒေလီ မေ ၃၀**

အိန္ဒိယခရီးစဉ်ကို ပယ်ဖျက်ပြီးနောက် တရုတ်နိုင်ငံသို့ မမျှော်လင့်ဘဲသွားရောက်ခဲ့သော အမေရိကန်ဘီလျံနာ အီလွန်မက်ကို အိန္ဒိယသတင်းမီဒီယာများက ဝေဖန်နေကြသည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြ ထားကြောင်း သိရသည်။

တက်စလာလျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် အီလွန်မက်သည် ယခုလအစောပိုင်းတွင် အိန္ဒိယနိုင်ငံသို့သွားရောက်ရန်စီစဉ်ထားသော်လည်းအစီအစဉ်ကို ပြန်လည်ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

တက်စလာကုမ္ပဏီ၏လုပ်ငန်းတာဝန်များ များပြားနေမှုကြောင့် အိန္ဒိယခရီးစဉ်ကို ဖျက်သိမ်းထားကြောင်း အီလွန်မက်က ကြေညာထားသည်။

သို့သော် အီလွန်မက်သည် ဧပြီ ၂၈ ရက်တွင် တရုတ်နိုင်ငံသို့သွားရောက်ခဲ့ပြီး တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး အထူးသဖြင့် တရုတ်နိုင်ငံနှင့်ပတ်သက်၍ သဘောထားပြင်းထန်သည့်အိန္ဒိယမီဒီယာများက အိန္ဒိယကိုကျော်၍ တရုတ်သို့ ဦးစွာသွားရောက်ခဲ့သည့်အတွက် အီလွန်မက်ကို ဝေဖန်ခဲ့ကြကြောင်း သိရသည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း တက်စလာအကြီးအကဲ အီလွန်မက်သည်တရုတ်ဝန်ကြီးချုပ် လီကားချန်နှင့်တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Intuitive Machines ကုမ္ပဏီကလွှတ်တင်မည့် Nova-C လဆင်းယာဉ်က နိုကီယာကုမ္ပဏီ၏စတုတ္ထမျိုးဆက် ဆက်သွယ်ရေးစနစ်ကို သယ်ဆောင်သွားမည်



**ဝါရှင်တန် မေ ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် Intuitive Machines ကုမ္ပဏီက လွှတ်တင်မည့် Nova-C အမည်ရှိ လဆင်းယာဉ်သည် နိုကီယာကုမ္ပဏီ၏ စတုတ္ထမျိုးဆက် ဆက်သွယ်ရေးစနစ်ကို သယ်ဆောင်သွားမည်ဖြစ်ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။

ဖင်လန်နိုင်ငံအခြေစိုက် နိုကီယာကုမ္ပဏီသည် လမျက်နှာပြင်ပေါ်တွင် အသုံးပြုနိုင်မည့် စတုတ္ထမျိုးဆက် ဆက်သွယ်ရေးစနစ်တစ်ခုကို တည်ဆောက်လျက်ရှိသည်။

နိုကီယာ၏ စတုတ္ထမျိုးဆက် ဆက်သွယ်ရေးစနစ်သည် Nova-C လဆင်းယာဉ်နှင့် MAPP အမည်ရှိ လမျက်နှာပြင် လှည့်လာရေးယာဉ်ကို ချိတ်ဆက်ပေးထားမည်ဖြစ်ကြောင်း၊ Intuitive Machines ကုမ္ပဏီသည် Nova-C လဆင်းယာဉ်နှင့်MAPP လဆင်းယာဉ်တို့ကို ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

အဆိုပါ အာကာသယာဉ်များအတွက် စတုတ္ထမျိုးဆက် ဆက်သွယ်ရေးစနစ် တည်ဆောက်ရာတွင် နိုကီယာကုမ္ပဏီသည် လက်ရှိ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုပင် အသုံးပြု၍ တည်ဆောက်နေခြင်းဖြစ်သည်။

နိုကီယာကုမ္ပဏီသည် နာဆာအဖွဲ့နှင့်ရယူထားသည့် သဘောတူညီချက်အရ လမျက်နှာပြင် စတုတ္ထမျိုးဆက် ဆက်သွယ်ရေးစနစ်ကို တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်က ကမ္ဘာမြေအပြန်ခရီးအတွက် တီယန်ကောင်းအာကာသစခန်းမှ ခွာထွက်လာခဲ့

**ပေကျင်း မေ ၃၀**

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးအတွက် တီယန်ကောင်းအာကာသစခန်းမှ ယနေ့တွင် ခွာထွက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ အာကာသလူသယ်ယာဉ်သည် တီယန်ကောင်း အာကာသစခန်းမှ ခွာထွက်ခဲ့ပြီးနောက် ယနေ့တွင်ပင် တရုတ်နိုင်ငံ မြောက်ပိုင်းအတွင်း မွန်ဂိုလီးယားဒေသ၌ ဆင်းသက်မည်ဖြစ်သည်။

ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်နှင့်အတူ တရုတ်အာကာသယာဉ်မှူးသုံးဦးလည်း ပြန်လည်လိုက်ပါလာကြောင်း သိရသည်။

ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်နှင့်အတူ ပြန်လည်လိုက်ပါလာသော တရုတ်အာကာသယာဉ်မှူး သုံးဦးတို့သည် တီယန်ကောင်းအာကာသစခန်း၌ ခြောက်လကြာတာဝန် ထမ်းဆောင်ခဲ့သူများဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီက ရှန်ကျိုး-၁၈ အာကာသလူသယ်ယာဉ်ဖြင့် အာကာသယာဉ်မှူး သုံးဦးကို ဧပြီ ၂၅ ရက်က လွှတ်တင်ခဲ့ပြီးနောက် ရှန်ကျိုး-၁၇ အာကာသယာဉ်မှူးများကမ္ဘာမြေအပြန်ခရီး စတင်ခဲ့ခြင်းဖြစ်သည်။



ရှန်ကျိုး-၁၇ အာကာသ လူသယ်ယာဉ် ပြန်လည်ဆင်းသက်ရေးအတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီက မွန်ဂိုလီးယားဒေသ၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နာဆာက VIPER လမျက်နှာပြင်လှည့်လာရေးယာဉ်အတွက် ဆက်သွယ်ရေးရွက်တိုင်ကို အပြီးသတ်တပ်ဆင်ပေးခဲ့ပြီးဖြစ်

**ဝါရှင်တန် မေ ၃၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် VIPER လမျက်နှာပြင် လှည့်လာရေးယာဉ်အတွက် ဆက်သွယ်ရေးရွက်တိုင်ကို အပြီးသတ်တပ်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။



ဆက်သွယ်ရေးရွက်တိုင်ကို တပ်ဆင်ပေးခဲ့ပြီးနောက် VIPER လမျက်နှာပြင်လှည့်လာရေးယာဉ်၏ အရွယ်အစားမှာ အမြင့် ရှစ်ပေထိ ရှိလာခဲ့ပြီဖြစ်သည်။

နာဆာအဖွဲ့သည် VIPER လမျက်နှာပြင် လှည့်လာရေးယာဉ်ကို တက္ကဆက်ပြည်နယ် ဂျွန်ဆင်အာကာသစခန်း၌ တပ်ဆင်နေခြင်းဖြစ်ပြီး အဆိုပါယာဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် နာဆာအဖွဲ့က စီစဉ်ထားသည်။

လွှတ်တင်ပြီးချိန်တွင် VIPER လမျက်နှာပြင်လှည့်လာရေးယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေ၌ ဆင်းသက်၍ ရက်ပေါင်း ၁၀၀ စူးစမ်းလှည့်လာမှုများ ပြုလုပ်မည်ဖြစ်သည်။

VIPER လမျက်နှာပြင်လှည့်လာရေးယာဉ်သည် လပေါ်ရှိရေခဲနှင့် အခြားအသုံးပြုနိုင်သည့် ဓာတ်သတ္တုအရင်းအမြစ်များကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ရင်သားကင်ဆာသက်သာလာသူအမျိုးသမီးများ၌ အခြားကင်ဆာရောဂါများခံစားရနိုင်ခြေ မြင့်မားနိုင်

**လန်ဒန် မေ ၃၀**

ရင်သားကင်ဆာရောဂါ သက်သာလာသူ အမျိုးသမီးများအနေဖြင့် နောက်ပိုင်းကာလများတွင် အခြားကင်ဆာရောဂါများဖြစ်ပွားနိုင်ခြေ မြင့်မားနိုင်ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ရင်သားကင်ဆာရောဂါ သက်သာလာသူ အမျိုးသမီးဦးရေ ၅၈၀၀၀၀ နှင့် အမျိုးသားဦးရေ ၃၅၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ရင်သားကင်ဆာသက်သာလာသူများအနေဖြင့် ၎င်းရောဂါမဖြစ်ဖူးသူများနှင့် နှိုင်းယှဉ်ပါက အခြားကင်ဆာရောဂါပုံစံတစ်မျိုး ထပ်မံခံစားရနိုင်ခြေ မြင့်မားနေနိုင်ဆဲဖြစ်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ ရင်သားကင်ဆာရောဂါ သက်သာလာသူ အမျိုးသမီးများအနေဖြင့် ရင်သားကင်ဆာရောဂါ မရှိသူများနှင့်နှိုင်းယှဉ်ပါကသားအိမ်ကင်ဆာဖြစ်ပွားနိုင်ခြေ ၈၇ ရာခိုင်နှုန်းပိုမြင့်မားပြီး Myeloid Leukemia ခေါ် သွေးကင်ဆာတစ်မျိုးဖြစ်ပွားနိုင်ခြေလည်း ၅၈ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

ထို့နည်းတူ ရင်သားကင်ဆာရောဂါ သက်သာလာသူအမျိုးသမီးများ၌ မျိုးဥအိမ်ကင်ဆာရောဂါ ဖြစ်နိုင်ခြေမှာလည်း ၂၅ ရာခိုင်နှုန်း မြင့်တက်နေနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် အသက်အရွယ်အားဖြင့် ကြည့်လျှင် အသက် ၅၀ မတိုင်မီ ရင်သားကင်ဆာဖြစ်ပွားခဲ့သည့် အမျိုးသမီးများမှာမူ အခြားကင်ဆာရောဂါပုံစံတစ်မျိုး ဖြစ်ပွားနိုင်ခြေ ၈၆ ရာခိုင်နှုန်းပိုမြင့်မားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ၂၀၂၃ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဝက်သက်ရောဂါဖြစ်ပွားမှု နှစ်ဆနီးပါးမြင့်တက်ခဲ့

**ဂျိုနီဗာ မေ ၃၀**

၂၀၂၃ ခုနှစ် တစ်နှစ်တာကာလအတွင်း တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဝက်သက်ရောဂါဖြစ်ပွားမှုနှုန်းမှာ ယခင်နှစ်ကထက် နှစ်ဆနီးပါးမြင့်တက်လာခဲ့ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏အဆိုအရ ၂၀၂၂ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဝက်သက်ရောဂါဖြစ်ပွားမှု ၁၇၁၁၅၃ မှုထိ ရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် ၂၀၂၃ ခုနှစ်ကမူ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဝက်သက်ရောဂါဖြစ်ပွားမှုနှုန်းမှာ နှစ်ဆမြင့်တက်လာခဲ့ပြီး ၃၂၁၅၈၂ မှုထိ ရှိလာခဲ့ကြောင်း WHO မှတာဝန်ရှိသူများက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာမှုသည် ဝက်သက်ရောဂါပပျောက်ရေး ကြိုးပမ်းနေသော ကမ္ဘာ့နိုင်ငံအများအပြားအတွက် စိန်ခေါ်မှုမြင့်လာခဲ့ရကြောင်းWHO မှတာဝန်ရှိသူများက သုံးသပ်ထားသည်။

WHO ၏အဆိုအရ ၂၀၂၄ ခုနှစ်တွင်မူ လက်ရှိအချိန်ထိ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဝက်သက်ရောဂါဖြစ်ပွားမှု ၉၄၀၀၀ ထိရှိနေကြောင်း သိရသည်။

ယခုနှစ်အတွင်း လက်ရှိအချိန်ထိ ဖြစ်ပွားခဲ့သည့် ဝက်သက်ရောဂါဖြစ်စဉ်များအနက် ထက်ဝက်နီးပါးမှာ ဥရောပ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အေစီမီလန်အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ခံစစ်ကစားသမား ကေဂျာပြောကြား

**မီလန် မေ ၃၀**

အေစီမီလန်အသင်း ခံစစ်ကစားသမား ကေဂျာသည် လာမည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးချိန်တွင် အသင်းမှ ထွက်ခွာတော့မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား ကေဂျာသည် အေစီမီလန်အသင်းသို့ ၂၀၂၀ ပြည့်နှစ်က တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်နှင့် အတူ ရောက်ရှိခဲ့ပြီး လူငယ်ကစားသမားများဖြင့် စုဖွဲ့ထားသည့် အေစီမီလန်အသင်းအား အီဗရာဟီမိုဗစ်ချ်နှင့်အတူ လက်တွဲဦးဆောင်နိုင်ခဲ့ကာ အသင်းအတွက် ပြိုင်ပွဲစုံ ၁၂၀ ထိ ပါဝင်ကစားပေးနိုင်ခဲ့သည်။

အသက် ၃၅ နှစ်ရှိ ကေဂျာသည် ယခုနှစ်ဘောလုံးရာသီတွင် အကျပိုင်းရောက်လာခဲ့ပြီး ဒဏ်ရာမကြာခဏ ကြုံတွေ့နေသဖြင့် ပြိုင်ပွဲစုံ ၂၄ ပွဲသာ ပါဝင်ကစားနိုင်ခဲ့သောကြောင့် ကေဂျာကို စာချုပ်သက်တမ်းမတိုးဘဲ အလွတ်ပြောင်းရွှေ့ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပြီး လက်ရှိခံစစ်ပိုင်း ဆိုးရွားနေမှုကို ပြောင်းလဲမှုပြုလုပ်ရန်အတွက် အသင်းမှ ခံစစ်ကစားသမားများကို ထုတ်ပယ်၍ ကစားသမားသစ်များဖြင့် ပြန်လည်တည်ဆောက်ရန် အသင်းတာဝန်ရှိသူများက ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား ကေဂျာသည် အေစီမီလန်အသင်းတွင် ကစားခဲ့သည့် ဘောလုံးရာသီငါးရာသီတွင် အသင်းနှင့်အတူ စီးရီးအေ ချန်ပီယံဆုဖလားတစ်ကြိမ် ဆွတ်ခူးရယူခဲ့ပြီး ယခုနှစ်တွင်လည်း အသင်းအား အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၂)နေရာသို့ ရောက်ရှိအောင် ပါဝင်ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကေဂျာ၏ အေးဂျင့်ဖြစ်သူ မီခေးဘက်ခ်ကလည်း ခံစစ်ကစားသမားအနေဖြင့် လာမည့် နွေရာသီတွင် အေစီမီလန်မှ ထွက်ခွာမည်ကို အင်တာဗျူးအစီအစဉ်တစ်ခုတွင် အတည်ပြုပြောကြားခဲ့ပြီး ၎င်းအနေဖြင့် မည်သည့်ကလပ်အသင်းသို့ ပြောင်းရွှေ့မည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့က ပဲလေ့စ်အသင်း ခံစစ်ကစားသမား ဂူဟီကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- လာမည့်နွေရာသီတွင် ဆန်းချက်ဇ်နှင့် ခံစစ်ကစားသမား ဆန်စီတို့ အင်တာမီလန်အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။
- ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက နည်းပြအန်ဆယ်လော့တီအနေဖြင့် တိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူရန် ဦးစားပေး ပစ်မှတ်ထားခဲ့သော်လည်း အသင်းဥက္ကဋ္ဌ ပီရက်ဇ်က ငြင်းပယ်ခဲ့သောကြောင့် ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်ကိုသာ ခေါ်ယူခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းက ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုအား သက်တမ်းတိုးရန်ဆွေးနွေးခဲ့ရာ သဘောတူညီမှုရရန် နီးစပ်နေကြောင်း သိရသည်။ **ML**

# ၂၀၂၃-၂၀၂၄ ချန်ပီယံရှစ်ပြိုင်ပွဲ ချန်ပီယံဆု လက်စတာအသင်း ဆွတ်ခူး




**လန်ဒန် မေ ၃၀**

ချန်ပီယံရှစ်ပြိုင်ပွဲတွင် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် လက်စတာအသင်းသည် ပရက်စတန်အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီ ချန်ပီယံရှစ်ပြိုင်ပွဲ ဆုဖလားကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

လက်စတာအသင်းသည် ယခုနှစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ပြိုင်ဘက်များဖြစ်သည့် လိဒ်၊ ဆောက်သမ်တန်၊ ဝက်စ်ဘရွန်း၊ အစ်ဗ့်စ်အသင်းတို့နှင့် ပရီးမီးယားလိဂ်တိုက်ရိုက်တန်းတက်ခွင့်အတွက် ယှဉ်ပြိုင်ခဲ့ရပြီး ပြီးခဲ့သည့် မေ ၂၇ ရက်က အမှတ်ပေးဇယား ဒုတိယနေရာမှ လိဒ်အသင်းက ကျူပီအာအသင်းကို လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် လက်စတာအသင်းက တိုက်ရိုက် တန်းတက်ခွင့်ရရှိခဲ့ပြီး ယခုပွဲစဉ်တွင် ပရက်စတန်အသင်းကို အဝေးကွင်းတွင် သုံးဂိုးပြတ် အနိုင်ရခဲ့သဖြင့် ၄၅ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၉၇ မှတ်ရရှိကာ လက်ကျန်ပွဲ တစ်ပွဲအလိုတွင် ဆုဖလားရယူနိုင်ခဲ့သည်။

လက်စတာအသင်းသည် ပရက်စတန်အသင်းနှင့် ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှုအသာ ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ကစားနိုင်ခဲ့ပြီး ပွဲကစားချိန် ၃၆ မိနစ်နှင့် ပွဲချိန် ၅၂ မိနစ်တွင် တိုက်စစ်မှူးဗာဒီ၊ ပွဲကစားချိန် ၆၇ မိနစ်တွင် မက်တီးယားတို့က ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ပရက်စတန်အသင်းအနေဖြင့် ခံစစ်အားပြုကစားနေရကာ ပွဲစဉ်တစ်လျှောက်တွင် လက်စတာအသင်းကို ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု တစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် ၄၅ အပြီးတွင် လက်စတာအသင်းက ရမှတ် ၉၇ မှတ်ဖြင့် အဆင့်(၁)၊ လိဒ်အသင်းက ရမှတ် ၉၀ ဖြင့် အဆင့်(၂)၊ အစ်ဗ့်စ်အသင်းက ရမှတ်(၉၀)ဖြင့် အဆင့်(၃)တွင် ရပ်တည်နေပြီး တိုက်ရိုက်တန်းတက်ခွင့်တစ်နေရာအတွက် လိဒ်အသင်းနှင့် အစ်ဗ့်စ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအတွက် အသုံးစရိတ်ကန့်သတ်ချက် ပရီးမီးယားလိဂ်ကလပ်အသင်းများ မဲခွဲဆုံးဖြတ်

**လန်ဒန် မေ ၃၀**

ပရီးမီးယားလိဂ် ကလပ်အသင်းများသည် လာမည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် အပြောင်းအရွှေ့ ဘဏ္ဍာငွေသုံးစွဲမှုများကို ကန့်သတ်ရန်အတွက် တနင်္လာနေ့က ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် မဲခွဲဆုံးဖြတ်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသုံးစရိတ်ကန့်သတ်ချက်တွင် လာမည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီက စားသမားသစ်ဝယ်ယူမှုတွင် ကလပ်အသင်း အားလုံးအနေဖြင့် ရုပ်သံဝင်ငွေ အနည်းဆုံးရသည့် အသင်း၏ငွေကြေးထက် ငါးဆသာ ပိုသုံးစွဲခွင့်ရမည်ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်အတွင်း မဲခွဲဆုံးဖြတ်ရာတွင် ကလပ်အသင်း ၁၆ သင်းက ထောက်ခံမဲ ပေးခဲ့သော်လည်း မန်စီးတီးအသင်း၊ မန်ယူအသင်းနှင့် အေဗီလာအသင်းတို့က ကန့်ကွက်မှုပြုလုပ်ခဲ့ပြီး ချဲလ်ဆီးအသင်းက မဲမပေးဘဲ ကြားနေခဲ့ကြောင်း သိရသည်။

ကလပ်အသင်း ၁၆ သင်းက အတည်ပြု ထားသော်လည်း နောက်ဆုံးအတည်ပြုချက်ကို လာမည့် ဇွန်လအစပိုင်းတွင် နှစ်စဉ်ကျင်းပပြုလုပ်မည့် အစည်းအဝေးပွဲတွင် မဲခွဲ၍ဆုံးဖြတ်ချက် ချမှတ်သွားမည်ဖြစ်ကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့သည်။

ထို့ပြင် ပရီးမီးယားလိဂ်ကလပ်အသင်းများသည် ဘောလုံးရာသီသုံးရာသီအတွင်း စတာလင်ပေါင် ၁၀၅ သာ ငွေကြေးဆုံးရှုံးခွင့်ပြုမည့် ဘဏ္ဍာရေး စည်းမျဉ်းသစ်ကို အတည်ပြုခဲ့ပြီးနောက် ကလပ်အသင်း တစ်သင်းအနေဖြင့် ဝင်ငွေ၏ ၈၅ ရာခိုင်နှုန်းကို ကစားသမားများအပြောင်းအရွှေ့၊ လုပ်ခလစာနှင့် အေးဂျင့်အတွက် ဝန်ဆောင်ခတို့ကို အသုံးပြုနိုင်ရေးအတွက် မဲခွဲအတည်ပြုချက်ကို လာမည့် ဇွန်လတွင်ပြုလုပ်မည့် အစည်းအဝေးတွင် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဘောလုံးရာသီတွင် ဝင်ငွေထွက်ငွေ မညီမျှမှုကြောင့် အဲဗာတန်အသင်းသည် ရမှတ်ခြောက်မှတ်လျှော့ ပြစ်ဒဏ်၊ နော်တင်ဟမ်အသင်းသည် ရမှတ်နှစ်မှတ်လျှော့ပြစ်ဒဏ်နှင့် မန်စီးတီးအသင်းနှင့် ချဲလ်ဆီးအသင်းတို့သည်လည်း ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုများကြောင့် စစ်ဆေးခံနေရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ကွာတားအဆင့်သို့ ဆာဘာလင်ကာတက်ရောက်

**မက်ဒရစ် မေ ၃၀**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် အမေရိကန် တင်းနစ်မယ် ကောလင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၄-၆၊ ၆-၄၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကိုဆွတ်ခူးခဲ့သည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး လက်ရှိတွင် ချန်ပီယံတစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် ဆာဘာလင်ကာအနေဖြင့် ချန်ပီယံဆုကို ကာကွယ်နိုင်လောက်သည့် စွမ်းဆောင်ရည်မျိုး ပြသထားနိုင်ပြီး Mutua Madrid Open တင်းနစ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ချန်ပီယံဆုအား သုံးကြိမ်တိုင်တိုင် ဆွတ်ခူးထားသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်လိုသည့်အတွက်ကြောင့်လည်း ယခုနှစ်တွင် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အဓိကပစ်မှတ်ထားလျက်ရှိသည်။



နိုင်ပွဲဆက်နေသည့် ကောလင်းအနေဖြင့် ဆာဘာလင်ကာအား ပထမပွဲငယ်တွင် အကောင်းဆုံးပုံစံဖြင့် အနိုင်ရခဲ့သော်လည်း ဆာဘာလင်ကာက ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပုံစံကောင်းဖြင့် အနိုင်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

ဆာဘာလင်ကာက "ပထမပွဲငယ်မှာ စွမ်းဆောင်ရည်ပိုင်းက တော်တော်လေးအမှားများခဲ့တယ်။ အကောင်းဆုံး ရလဒ်ရယူနိုင်ဖို့ ကြိုးစားခဲ့ပေမဲ့လဲ ကောလင်း ကစားသွားတာ ကောင်းပါတယ်။ ပထမပွဲငယ်က အမှားတွေကို ပြင်ဆင်နိုင်ဖို့ကြိုးစားရင်း ပုံစံကောင်းပြန်ရလာခဲ့တယ်။ ဒုတိယပွဲငယ်နဲ့ တတိယပွဲငယ်မှာတော့ ကျွန်မအနေနဲ့ အကောင်းဆုံး လက်စွမ်းကိုရရှိခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မေ ၁ ရက်မှ ၃ ရက်ထိ ဆက်လက်ကျင်းပသွားမည်




**ရန်ကုန် မေ ၂၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မေ ၁ ရက်မှ ၃ ရက်ထိ ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိ MNL League Cup 2024 ပြိုင်ပွဲတွင် အုပ်စုပွဲစဉ်ငါးပွဲ ကစားပြီးချိန်၌ အုပ်စု(A) တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၁၅ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(B)တွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးကွာခြားချက်အသာ ရမှတ် ၁၂ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု (C) တွင် ဒဂုံစတားအသင်းက ရမှတ် ၁၃ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(D)တွင် ISPE အသင်းက ရမှတ် ၁၃ မှတ်ဖြင့်လည်းကောင်း အုပ်စုထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေသည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(A) ပွဲစဉ်များအဖြစ် မေ ၁ ရက် ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ GFA အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း၊ ညနေ ၄ နာရီ သုဝဏ္ဏ အားကစားကွင်းတွင် University အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ အုပ်စု(B) ပွဲစဉ်များအဖြစ် မေ ၂ ရက် ညနေ ၄ နာရီ YUSC အားကစားကွင်းတွင် ကချင်ယူနိုက်တက်အသင်းနှင့် ရိန်းဘိုးအသင်း၊ ညနေ ၄ နာရီ သုဝဏ္ဏ အားကစားကွင်းတွင် Glory Goal အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်သည်။

အလားတူ အုပ်စု(C) ပွဲစဉ်များအဖြစ် မေ ၃ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် သုဝဏ္ဏအားကစားကွင်း၌ ရောဝတီယူနိုက်တက်အသင်းနှင့် ဆေးဗားစတားအသင်း၊ ညနေ ၄ နာရီ တက္ကသိုလ်အားကစားကွင်းတွင် ဒဂုံပေါ့အသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်း၊ အုပ်စု(D)ပွဲစဉ်များအဖြစ် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ ကစားသွားမည်ဖြစ်သည်။ **STA**

# ရခိုင်ယူနိုက်တက်အသင်းက မြန်မာ့လက်ရွေးစင်အသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် စည်သူအောင်ကို ခေါ်ယူ



**ရန်ကုန် မေ ၂၀**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်ကလပ် အသင်းတစ်သင်းဖြစ်သည့် ရခိုင်ယူနိုက်တက်အသင်းက မြန်မာ့လက်ရွေးစင်အသင်း ကစားသမားဟောင်း ဝါရင့်ကွင်းလယ်ကစားသမား စည်သူအောင်ကို ထိုင်းကလပ် Samut Paraken Cityအသင်းမှ ခေါ်ယူခဲ့ကြောင်း သိရသည်။

စည်သူအောင်သည် ရန်ကုန်ယူနိုက်တက်အသင်းမှ ထွက်ပေါ်လာခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့တွင်လည်း နှစ်အတန်ကြာ ပါဝင်ကစားခဲ့သူဖြစ်ကာ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများတွင်လည်း ရန်ကုန်ယူနိုက်တက်အသင်း၊ ရတနာပုံအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့တွင် ကစားခဲ့သူဖြစ်သည်။

စည်သူအောင်သည် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများအပြင် အစောပိုင်းနှစ်များက ထိုင်းကလပ်အသင်းများ ဖြစ်သည့် Chanburi FC အသင်း၊ Ayutthaya Unitedအသင်းနှင့် Samut Paraken City အသင်းတို့တွင်လည်းကစားခဲ့သူဖြစ်ကာ Samut Paraken City အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်၌ လမ်းခွဲခဲ့ပြီးနောက် ရခိုင်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ကြောင်း သိရသည်။ **STA**

# ချဲလ်ဆီးအသင်းက မန်စီးတီးအသင်းမှ တောင်ပံကစားသမား ဂရီလစ်ရှ်ကို ခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်

**ဘာလင် မေ ၂၀**

ချဲလ်ဆီးအသင်းက မန်စီးတီးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တောင်ပံကစားသမား ဂရီလစ်ရှ်ကို ခေါ်ယူရန်အတွက် ဆွေးနွေးမှုများ စတင်လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ ဂရီလစ်ရှ်သည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက အေဗီလာအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သော်လည်း နောက်ပိုင်းဘောလုံးရာသီများတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ရလျက်ရှိနေသည်။

ဂရီလစ်ရှ်သည် အစောပိုင်းနှစ်များက နည်းပြ ဂွါဒီယိုလာလက်အောက်တွင် အဓိကကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိခဲ့သော်လည်း နောက်ပိုင်းဘောလုံးရာသီများတွင် ရုန်းကန်နေရပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ရင်းနက်အသင်းမှ ဒိုကူ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဂရီလစ်ရှ်အနေဖြင့် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ပြီး လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိခဲ့သည်။

ဂရီလစ်ရှ်သည် ယခုနှစ် ဘောလုံးရာသီ မန်စီးတီးအသင်းတွင် ပွဲထွက်ခွင့်နည်းပါးလာခဲ့ပြီး အင်္ဂလန်အသင်းနှင့်အတူ ယူရို ၂၀၂၄ ပြိုင်ပွဲ ကစားခွင့်အတွက်ပါ စိုးရိမ်လာရသည့်အတွက် လာမည့် ဘောလုံးရာသီတွင် ပွဲထွက်ခွင့်ရရှိမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ ကစားလိုနေပြီး မန်စီးတီးအသင်းကလည်း အသင်းတောင်ပံတိုက်စစ်နေရာတွင် ဖိုဒန်အပြင် ဒိုကူပါရှိနေသည့်အတွက် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဂရီလစ်ရှ်ကို ထိုက်သင့်သည့် ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချသွားဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# အက်ဒရီယန်က နည်းပြဖြစ်သူနှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**ဝါရှော မေ ၂၀**

LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းနေသည့် ပိုလန်ဂေါက်သီးရိုက်ကစားသမား အက်ဒရီယန်သည် ၁၄ နှစ်ကြာ လက်တွဲလာသည့် နည်းပြဖြစ်သူ မက်သရူးအား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အက်ဒရီယန်သည် ယခုနှစ် LIV Golf အဖွဲ့ချုပ်၏ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိနေပြီး ရလဒ်မကောင်းသည့်အတွက်ကြောင့် နည်းပြဖြစ်သူအား ရာထူးမှထုတ်ပယ်ကာ နည်းပြသစ်ခန့်အပ်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာခဲ့သည်။

အရပ် ၆ ပေ ၆ လက်မမြင့်သည့် အက်ဒရီယန်အနေဖြင့် LIV Golf အဖွဲ့ချုပ်၏ ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ရလဒ်ကောင်းရရှိရန် ကြိုးစားနေသော်လည်း ရလဒ်ပိုင်းက တိုးတက်လာခြင်းမရှိသလို ရလဒ်များမှာ လက်ခံကျေနပ်နိုင်စရာ အခြေအနေမျိုးမဟုတ်သည့်အတွက် အပြောင်းအလဲပြုလုပ်ရန် ပြင်ဆင်လာခြင်းလည်းဖြစ်သည်။

နည်းပြဖြစ်သူ ဝေးလ်နိုင်ငံသား မက်သရူးကလည်း ပြောင်းလဲမှုများ ပြုလုပ်လိုသည့် အက်ဒရီယန်၏ ဆုံးဖြတ်ချက်အား လေးစားသလို အက်ဒရီယန်သည် ပါရမီရှင် ဂေါက်သီးရိုက်ကစားသမား တစ်ဦးဖြစ်ကြောင်း ချီးကျူးခဲ့သည်။

အက်ဒရီယန်က "နည်းပြဖြစ်သူ မက်သရူးနဲ့ လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော့်ဘဝရဲ့ စာမျက်နှာသစ်တွေ ဖွင့်လှစ်နိုင်ဖို့အတွက် အပြောင်းအလဲပြုလုပ်သွားဖို့ ဆုံးဖြတ်ခဲ့တာပါ။ LIV Golf အဖွဲ့ချုပ်နဲ့ ပူးပေါင်းပြီးနောက်ပိုင်း အောင်မြင်မှုရယူနိုင်တာမရှိသေးဘူး။ အထူးသဖြင့် ဒီရာသီမှာ စွမ်းဆောင်ရည်ပိုင်းက အားရကျေနပ်စရာမရှိဘူး။ ဒါကြောင့် အပြောင်းအလဲပြုလုပ်သွားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# မတူညီသည့် ဝိတ်တန်းသုံးခုတွင် ကမ္ဘာ့ချန်ပီယံခါးပတ်ဆွတ်ခူးခဲ့သည့် တိုဘီလာ အသက် ၅၇ နှစ်တွင် ကွယ်လွန်

**ပရီတိုးရီးယား မေ ၂၀**


မတူညီသော ဝိတ်တန်းသုံးခုတွင် ကမ္ဘာ့ချန်ပီယံခါးပတ်များကို ဆွတ်ခူးခဲ့ဖူးသည့် တောင်အာဖရိကလက်ဝှေ့လောက၏ အအောင်မြင်ဆုံးသော လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရသူ အသက် ၅၇ နှစ်အရွယ် တိုဘီလာသည် မေ ၂၉ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း တိုဘီလာ၏ မိသားစုဝင်များက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တိုဘီလာ သေဆုံးရသည့် အကြောင်းရင်းကို ထုတ်ပြန်ခဲ့ခြင်း မရှိသော်လည်း တိုဘီလာ၏ အရင်းနှီးဆုံး မိတ်ဆွေဖြစ်သူ အက်ဒီက မိတ်ဆွေဖြစ်သူထံသို့ ဖုန်းဖြင့် ဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ်မရသဖြင့် မိသားစုဝင်များကလည်း ၎င်းအား အဆက်အသွယ်မရကြောင်း ပြောကြားခဲ့သည့်အတွက် အက်ဒီက ရဲတပ်ဖွဲ့ထံသို့ ဆက်သွယ်အကြောင်းကြားခဲ့ကြောင်းလည်း ပြောကြားခဲ့သည်။

မိသားစုဝင်များနှင့် အတူ ရဲတပ်ဖွဲ့ဝင်များက တိုဘီလာသီးသန့်နေထိုင်သည့် နေအိမ်သို့ သွားရောက်ရှာဖွေရာ နေအိမ်တွင် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း အက်ဒီက ပြောကြားခဲ့သည်။

အက်ဒီက "တိုဘီလာကို ကျွန်တော်ဆက်သွယ်နေတာ နှစ်ရက်သုံးရက်ရှိပြီ။ ဆက်သွယ်လို့မရဘူး။ သူ့မိသားစုတွေကို ဆက်သွယ်တော့လဲ သူတို့နဲ့လဲအဆက်အသွယ်မရဘူးပြောတယ်။ ကျွန်တော်လဲ ရဲစခန်းကိုဖုန်းဆက်ပြီး သူ့မိသားစုဝင်တွေနဲ့အတူ သူသီးသန့်နေထိုင်တဲ့ အိမ်ကို သွားရောက်ရှာဖွေတဲ့အခါ သေဆုံးနေတာတွေ့ရတယ်။ တောင်အာဖရိကရဲ့ အအောင်မြင်ဆုံး လက်ဝှေ့သမားတစ်ယောက်ဖြစ်တဲ့ တိုဘီလာကို ဆုံးရှုံးလိုက်ရတာ စိတ်မကောင်း ဖြစ်မိပါတယ်။ ကောင်းရာမွန်ရာ ရောက်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



# မဟာစံလွှတ်ဝေယန် အရှေ့မှန်ကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

ကုန်းဘောင်ခေတ်နှောင်းပိုင်းနှင့် ရတနာပုံခေတ်တွင် ကျွန်းသစ်ဖြင့်တည်ဆောက်ခဲ့သည့် မြန်မာဗိသုကာလက်ရာ ဘုန်းကြီးကျောင်းအဆောက်အအုံများသည် ရတနာပုံနေပြည်တော် မန္တလေးတွင် ခမ်းနားစွာ တည်ရှိခဲ့သည်။ ထိုကျောင်းများကို ဘုရင်နှင့် တော်ဝင်မိသားစုများ၊ ဝန်ကြီး၊ အတွင်းဝန်စသည့် မှူးကြီးမတ်ရာ တော်ဝင်အရာရှိကြီးများ၊ သူဌေးသူကြွယ်များက သံဃာတော်များ သီတင်းသုံးရန် တည်ဆောက်လှူဒါန်းခဲ့ကြသည်။

၎င်းအဆောက်အအုံများအနက် ဘုရင်နှင့် မိဖုရားများတည်ဆောက်လှူဒါန်းသည့် ဘုန်းကြီးကျောင်းများသည် ခမ်းနားထည်ဝါမှု အရှိဆုံးဖြစ်သည်။

**ဘုန်းကြီးကျောင်းများနှင့် အောင်မြေသာစံမြို့နယ်**

မန္တလေးမြို့၌ ရှေးဟောင်းအဆောက်အအုံများ အပါအဝင် ဘုန်းကြီးကျောင်းများစုဝေးတည်ရှိနေသည့်နေရာသည် မန္တလေးတောင်ဝန်းကျင်မှအောင်မြေသာစံမြို့နယ်ဖြစ်သည်။

၁၉၆၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မန္တလေးမြို့ကို အရှေ့တောင်မြို့နယ်၊ အရှေ့မြောက်မြို့နယ်၊ အနောက်တောင်မြို့နယ်၊ အနောက်မြောက်မြို့နယ်ဟု သတ်မှတ်ခဲ့ချိန်တွင် ယခု အောင်မြေသာစံမြို့နယ်သည် မန္တလေးအနောက်မြောက်မြို့နယ်တွင် ပါဝင်ခဲ့သည်။

၁၉၉၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် မန္တလေးမြို့ကို မြို့နယ်လေးခုမှငါးခုသို့ တိုးချဲ့ဖွဲ့စည်းခဲ့ပြီး မန္တလေး အနောက်မြောက်မြို့နယ်ကို အောင်မြေသာဇံမြို့နယ်ဟု အမည်ပြောင်းလဲပြီး အောင်မြေသာဇံမြို့နယ်တွင် ရပ်ကွက် ၁၉ ခု ပါဝင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အောင်မြေသာဇံကို အောင်မြေသာစံဟု အမည်ပြောင်းခဲ့သည်။

အောင်မြေသာစံမြို့နယ်သည် ယခင်က မန္တလေးခရိုင်တွင်ပါဝင်ခဲ့ပြီး ၂၀၂၂ ခုနှစ်က ခရိုင်အသစ်များဖွဲ့စည်းချိန်တွင် ခရိုင်မြို့ဖြစ်လာကာ အောင်မြေသာစံခရိုင်ကို အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။

အောင်မြေသာစံမြို့နယ်တွင် ရှေးဟောင်းအဆောက်အအုံများနှင့် ဘာသာရေးအဆောက်အအုံများတည်ရှိရာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလထိ မြို့နယ်အတွင်း၌ ဘုန်းကြီးကျောင်း ၄၂၆ ကျောင်းရှိသည်။ မြို့နယ်အတွင်းရှိ ထင်ရှားသော ဘုရား၊ စေတီ၊ ပုထိုးများတွင် မန္တလေးတောင် ဆုတောင်းပြည့်ဘုရား၊ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား၊ နန်းမြို့ဆုတောင်းပြည့်ဘုရား၊ ရတနာမဥ္ဇူဘုရား၊ ရွှေကျီးမြင်ဘုရား၊ မဟာလောကမာရဇိန် (ကုသိုလ်တော်)ဘုရား၊ မဟာလောက နန်းမြေဘုံသာ(စန္ဒာမုနိ)ဘုရားတို့ အပါအဝင်ဖြစ်သည်။

ထို့အတူ အောင်မြေသာစံမြို့နယ်အတွင်း၌ ထင်ရှားသမိုင်းဝင် အဆောက်အအုံများဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော်၊ မဟာအတုလဝေယန် (အတုမရှိ)ကျောင်း၊ ရွှေကျောင်း၊ ယောမင်းကြီးဦးဘိုးလှိုင်ကျောင်း၊ သုဓမ္မာဇရပ်တန်းစသည်တို့ တည်ရှိသည်။

သီပေါမင်း၏ မိဖုရားခေါင် စုဖုရားလတ် တည်ဆောက်လှူဒါန်းခဲ့သည့် မဟာစံလွှတ်ဝေယန် အရှေ့မှန်ကျောင်းသည်လည်း ယခုအောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်းအတွင်း၌ တည်ရှိခဲ့သည်။

**ရတနာပုံမန္တလေးမှ ကျောင်းတိုက်နှင့် ကျောင်းများ**

မန္တလေးအခေါ်အဝေါ်အရ ဘုန်းကြီးကျောင်း အဆောက်အအုံကို ကျောင်းဟုခေါ်၍ ဘုန်းကြီးကျောင်းများ စုဝေးတည်ရှိနေသည့် အဝန်းအဝိုင်းနေရာကို ကျောင်းတိုက်(ဝင်း)ဟုခေါ်ဆိုသည်။

၁၈၈၁ ခုနှစ်(သက္ကရာဇ် ၁၂၄၃ ခုနှစ်) သီပေါမင်း၏ ကထိန်အလှူတော်စာရင်းအရ အမရပူရတွင် ကျောင်းတိုက် ၄၄ တိုက်၊ ကျောင်းပေါင်း ၁၅၉ ကျောင်းနှင့် မန္တလေးမြို့ လေးပြင်လေးရပ်၌ ကျောင်းတိုက် ၁၅၄ တိုက်၊ ကျောင်းပေါင်း ၁၂၅၇ ကျောင်းရှိခဲ့သည်။ တောင်ခွင်သာသနာပိုင်လက်ထက်၊ မဟာဒါန်စာရေးများ၏စာရင်းအရ မန္တလေး လေးပြင်လေးရပ်ရှိ ကျောင်းအရေအတွက်သည် ၈၅၀ ဖြစ်သည်။

ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ မန္တလေးရပ်ကွက် သုတေသနစာတမ်းတွင်မူ မန္တလေးမြို့ အရှေ့ပြင်၌ ကျောင်းတိုက်ကြီးပေါင်း ၂၀၊ မြောက်ပြင်၌ ၁၃ တိုက်၊ အနောက်ပြင်၌ ၄၁ တိုက်နှင့် တောင်ပြင်၌ ၄၁ တိုက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။ ကျောင်းတိုက်ကြီးများသည် မန္တလေးတောင်မြောက်ဘက်တွင် ငါးတိုက်၊ အရှေ့ဘက်တွင် ငါးတိုက်၊ အနောက်ဘက်နှင့် မြောက်ဘက်တွင် ကိုးတိုက်ရှိခဲ့သဖြင့် မန္တလေးမြို့ရှိ ကျောင်းတိုက်ကြီးများ အရေအတွက်စုစုပေါင်းသည် ၁၃၄ တိုက်ဖြစ်သည်။

မြန်မာမှု ဗိသုကာလက်ရာများဖြင့် ထင်ရှားသောကျောင်းများအနက် တချို့ကို ယနေ့တိုင်ထိန်းသိမ်းထားနိုင်သော်လည်း တချို့မှာမူ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပျောက်ကွယ်သွားခဲ့ကြသည်။မန္တလေးမြို့၌ရှိခဲ့ပြီး ယခုအချိန်တွင် ပျောက်ကွယ်သွားပြီဖြစ်သည့် သစ်သားဘုန်းတော်ကြီး အဆောက်အအုံများတွင် မဟာစံလွှတ်ဝေယန်ကျောင်းဟုထင်ရှားသည့် အရှေ့မှန်ကျောင်းသည်လည်း တစ်ကျောင်းအပါအဝင်ဖြစ်သည်။



ဓာတ်ပုံဆရာ Felice Beato ရိုက်ကူးခဲ့သည့် မဟာစံလွှတ်ဝေယန်အရှေ့မှန်ကျောင်း။

**မဟာစံလွှတ်ဝေယန်**

မဟာစံလွှတ်ဝေယန် အရှေ့မှန်ကျောင်းသည် မန္တလေးတောင်ခြေရှိ ယခု နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်းအတွင်း၌ တည်ရှိခဲ့သည်။ မဟာဝိဇယာပုညတိုက်ဟုလည်း ထင်ရှားသည့် ထိုကျောင်းတိုက်နေရာသည် မန္တလေးအရှေ့ပြင်ရှိ အတုလဝေယန် အတုမရှိကျောင်းကြီး၏ အရှေ့ဘက်ဖြစ်သည်။ မန္တလေးသားများက တိုက်တော်ဟု ခေါ်ဆိုခဲ့ကြသည်။

ကျောင်းတိုက်ကြီး၏ အလှူရှင်သည် သီပေါဘုရင်၏ မိဖုရားခေါင်ကြီး စုဖုရားလတ်ဖြစ်သည်။ ပြည်ပနိုင်ငံသားများ၏ ဓာတ်ပုံမှတ်တမ်းတွင် ထိုကျောင်းကြီးကို မိဖုရားခေါင်၏ ငွေကျောင်းတော်(Queen's Silver Monastry)ဟု ညွှန်းခဲ့သည်။

မိဖုရားခေါင်ကြီးစုဖုရားလတ်သည် မဟာစံလွှတ်ဝေယန် အရှေ့မှန်ကျောင်းကို မီးတားတံတိုင်းနှစ်ထပ်ကာရံကာ အရံကျောင်းရစ်ကျောင်း ထည့်သွင်းတည်ဆောက်ပြီး သက္ကရာဇ် ၁၂၄၃ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်(၁၈၈၂ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်)တွင် ရေစက်ချလှူဒါန်းခဲ့သည်။

ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးစာအုပ်အလိုအရ မိဖုရားခေါင်ကြီး စုဖုရားလတ်သည်မန္တလေး ရွှေမြို့တော် အရှေ့မျက်နှာ မဟာဂီရိစိတ္တရပန်းဥယျာဉ်တော်အတွင်း၌ မဟာစံလွှတ်ဝေယန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းအဆောက်အအုံသည် ကျောင်းဦးပြာသာဒ်နှင့် ဘုံလေးဆင့်ရှိပြီး အလွန်ဆန်းကြယ်သော စုလစ်မွမ်းချွန် အပြောက်အမွမ်းများဖြင့် တန်ဆာဆင်ခဲ့ရာ နာရကာလှော်သစ်၊ ဇမ္ဗူရာဇ်ရွှေစင်တို့ဖြင့် တစ်ခဲနက်သွန်းလုပ်သော ရွှေစိုင်ရွှေတောင်ကြီးကဲ့သို့ဖြစ်သည်ဟု ဆိုသည်။

ကျောင်းတော်ကြီး၏ တည်ဆောက်စရိတ်ကုန်ကျငွေသည် နှစ်သန်းကျော်ဖြစ်၍ အရံကျောင်းရစ်ရပ်၊ မီးတားတံတိုင်း၊ တံခါးမုခ်ပြာသာဒ်နှင့် အုတ်သမံတလင်းတို့ပါရှိသည်။

ကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီးချိန်တွင် အကြီးအကြပ် မှူးမတ်တော်များက မိဖုရားခေါင်ကြီးထံမှ အမိန့်တော်မြတ် ခံယူခဲ့သည်။ ထို့ကြောင့် မိဖုရားခေါင်ကြီးသည် ကျောင်းတော်ကြီးကို ရေစက်ချလှူဒါန်းရန် ရွှေနန်းတော်မှ ရွှေမြို့တော် အရှေ့မျက်နှာရှိ ဦးထိပ်တံတားအပြင် ကျုံးနဖူးသို့ ကြည်းကြောင်းဖြင့် ထွက်တော်မူခဲ့သည်။

ထိုနေ့က သီပေါမင်းက ရတနာမျိုးစုံခြယ်လှယ်ထားသည့် သီရိသုဘဒ္ဒညရတနာ ဆင်ဖြူတော်မကို စီး၍ မိဖုရားခေါင်ကြီးက ရထားတော်ကိုခြေတော်တင်ကာ ဦးထိပ်တံခါးအပြင် ဝဲဘက်တွင်တည်ဆောက်ထားသည့် ကွန်းထောက်စံနန်းတော်သို့ ထွက်ခဲ့သည်။

ထို့နောက် ကျုံးတော်မင်္ဂလာမြောင်းအတွင်း၌ ကရဝိက်ရွှေဖောင်တော်ဖြင့် ကြွတော်မူခဲ့ပြီး ကြီးကျယ်ခမ်းနားသော မင်းခမ်းသဘင် ဆင်ယင်ကျင်းပကာ ရေစက်သွန်းချတော်မူခဲ့သည်။ ထို့နောက်တိုက်တော်ကို မဟာဝိဇယာပုညဟုလည်းကောင်း၊ ကျောင်းတော်ကို မဟာစံလွှတ်ဝေယန်ဟုလည်းကောင်း ကမ္ပည်းတင်၍ ဉာဏာဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ ဆရာတော်ကို ကျောင်းအပ်၊ တင်လှူခဲ့သည်။

**အရှေ့မှန်ကျောင်းဟူသည့်နာမ**

မဟာစံလွှတ်ဝေယန်ကျောင်းတော်၏ လသာဆောင်များပေါ်တွင် တပ်ဆင်ထားသည့် ပန်းပုရုပ်များကြားတွင် မှန်ကူကွက်ငယ်များကို ထည့်သွင်းအလှဆင်ခဲ့သည်။ ထိုမှန်ကူကွက်များကို မှန်စီရွှေချ၍ ထူးခြားလှပစွာ အနုစိတ် ဆင်ယင်ထားသဖြင့် မှန်ကျောင်းဟု ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

မိဖုရားခေါင်ကြီး စုဖုရားလတ်၏အလှူတော်ကျောင်းတိုက်ကြီး နှစ်ခုအနက် ပထမအလှူဖြစ်သည့် မဟာစံလွှတ်ဝေယန်ကျောင်းသည် ပထမမှန်ကျောင်းဖြစ်သည်။ သက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် တည်ဆောက်လှူဒါန်းခဲ့သည့် မဟာရတနာဘုံစံကျောင်း (မူလ မြတောင်ကျောင်းတိုက်)သည် ဒုတိယမှန်ကျောင်းဖြစ်သည်။

၁၄ ဧက ကျယ်ဝန်းသည့် မဟာဝိဇယာပုညတိုက်တော်ဝင်းအတွင်း တည်ဆောက်ခဲ့သည့် မဟာစံလွှတ်ဝေယန်ကျောင်းသည် စင်္ကြံပြာသာဒ် သုံးဆောင်ရှိသည့် အဆောက်အအုံဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် တည်ဆောက်ခဲ့သည့် မြန်မာဗိသုကာလက်ရာ သစ်သားကျောင်းများတွင် စင်္ကြံပြာသာဒ်သုံးဆောင်ပါရှိသည့် ဘုန်းကြီးကျောင်းသည် နှစ်ကျောင်းသာရှိခဲ့ရာ မင်းတုန်းမင်း၏ အလှူတော်စံကျောင်းတော်ကြီးနှင့် မိဖုရားခေါင်စုဖုရားလတ်၏ အလှူတော် မဟာစံလွှတ်ဝေယန်ကျောင်းတို့ဖြစ်ကြောင်း သမိုင်းသုတေသီ ဆရာဉာဏ်လင်းတင့်က ရေးသားခဲ့သည်။

၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်တို့သည် သီပေါမင်းကို နန်းချပြီး မြန်မာနိုင်ငံကိုသိမ်းပိုက်ခဲ့သဖြင့် နိုင်ငံလွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့ပြီးနောက် မန္တလေးမြို့ရှိ ကြီးကျယ်ခမ်းနားသော ဘုန်းကြီးကျောင်းများတွင် အင်္ဂလိပ်များဝင်ရောက်တပ်စွဲခဲ့ကြသည်။

သီပေါမင်းနှင့် မိဖုရားခေါင်တို့ကို အိန္ဒိယနိုင်ငံသို့ ခေါ်ဆောင်သွားပြီး တစ်လအကြာ ၁၈၈၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် အင်္ဂလိပ် ဟမ့်ရှိုင်းယားတပ်ရင်းသည် စုဖုရားလတ်၏ အလှူတော် မဟာစံလွှတ်ဝေယန်ကျောင်း၏ ဘောဂဆောင်အနီးတွင် ခရစ္စမတ်ဝတ်ပြုဆုတောင်းပွဲကိုပြုလုပ်ခဲ့သည်။

၎င်းဆုတောင်းပွဲအခမ်းအနားကို ဓာတ်ပုံမှတ်တမ်းတင်ခဲ့သူ Willoughby Wallace Hooper က "ဤတပ်ရင်းသည် နန်းမြို့ရိုး၏ အရှေ့မြောက်ဘက်ရှိ များပြားလှသော ဘုန်းကြီးကျောင်းအနက် တချို့တွင် စခန်းချနေကြသည်။ ဤအဆောက်အအုံများသည် စစ်သည်များအတွက် အဓိက စစ်တန်းလျားများဖြစ်နေသည်။ ဗြိတိသျှစစ်သည်များအနေဖြင့် ကြည့်မှန်အပိုင်းအစများစီခြယ်ပြီး ရွှေပိန်းချထားခြင်းကြောင့် တညီးညီးဝင်းထိန်နေသော ဤကဲ့သို့ အဆောက်အအုံများတွင် စခန်းချဖူးကြမည်မဟုတ်ပေ။ ယနေ့ဝတ်ပြုဆုတောင်းပွဲကို အခြားတနင်္ဂနွေနံနက်ခင်းဆုတောင်းဝတ်ပြုပွဲများကဲ့သို့ပင် ဤအဆောက်အအုံများ၏ အပြင်ဘက် လဟာပြင်တွင် ကျင်းပကြသည်။ မည်သည့်အချိန်တွင် တပ်လှန့်အချက်ပေးသံ ကြားရမည်ကို မသိနိုင်သည့်အတွက် လက်နက်အပြည့်အစုံ တပ်ဆင်ကိုင်စွဲလျက်ပင် ကျင်းပကြသည်။ ဤအဆောက်အအုံများကို ကုသိုလ်ရရန်ရည်ရွယ်လျက် တည်ဆောက်ထားခြင်းဖြစ်သည်။ သို့သော် တည်ဆောက် (လှူဒါန်း)ခဲ့သူများအနေဖြင့် တစ်နေ့နေ့ ဤနေရာများတွင် ဗြိတိသျှစစ်သည်များက ခရစ္စမတ်ဓမ္မတေးကို သီဆိုကြလိမ့်မည်ဟု နည်းနည်းမှ တွေးမိခဲ့ကြမည်မဟုတ်ပေ"ဟု ဓာတ်ပုံ၏ ပုံစာညွှန်းတွင် ရေးထားခဲ့ကြောင်း ဆရာဆူးငှက်က ရေးသားခဲ့သည်။

မဟာစံလွှတ်ဝေယန်ကျောင်းတော်သည် ၁၃၀၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၅ ရက် (၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်) စနေနေ့တွင် စစ်ဘေးစစ်ဒဏ်ကြောင့် ဗုံးသင့်ကာ မီးလောင်ပျက်စီးသွားခဲ့သည်။

သီပေါမင်း၏မိဖုရားခေါင် စုဖုရားလတ် တည်ဆောက်လှူဒါန်းခဲ့ပြီး မြန်မာတို့၏ ဂုဏ်ယူဖွယ် ဗိသုကာလက်ရာ မှန်ကျောင်းနှစ်ကျောင်းဖြစ်သည့် ပထမမှန်ကျောင်း (မဟာစံလွှတ်ဝေယန်ကျောင်းတော်)နှင့် ဒုတိယမှန်ကျောင်း (မဟာရတနာဘုံစံမြတောင်ကျောင်း)တို့သည် အစားထိုးမရနိုင်သည့် ဆုံးရှုံးမှုနှင့်ကြုံတွေ့ခဲ့ကြရကာ ပျက်စီးပျောက်ကွယ်သွားခဲ့ပေသည်။

**ကိုးကား**

- **ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး (ဦးမောင်မောင်တင်)**
- **ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများ(ဉာဏ်လင်းတင့်)**
- **အရှေ့မှန်ကျောင်း၊ ဟမ့်ရှိုင်းယားနှင့် ကုန်းဘောင်ညွန့်တက်နေတော်မှာ(ဆူးငှက်)**
- **အောင်မြေသာစံမြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**

# ကျွန်တော်နှင့်သူမ လက်ထပ်ကြသောနေ့မှာ ဇာတ်လမ်းတိုကို မေ ၂၈ ရက်တွင် Shwe Pyi Nan Page မှ ထုတ်လွှင့်မည်




**ရန်ကုန် မေ ၃၀**

ရွှေပြည်နန်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ကျွန်တော်နှင့်သူမ လက်ထပ်ကြသောနေ့မှာ ဇာတ်လမ်းတို ရိုက်ကူးပြီးစီးပြီဖြစ်သဖြင့် မေ ၂၈ ရက်၌ Shwe Pyi Nan Page မှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတိုတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ရွှေပိုးအိမ်က ပြောပြ၍ သိရသည်။

ကျွန်တော်နှင့်သူမ လက်ထပ်ကြသောနေ့မှာ ဇာတ်လမ်းတို၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဖိုးကျော်(သန့်လျှင်)က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ သီဟမင်းညိုက ရွှေပြည်နန်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားသည့် ဇာတ်လမ်းတို ဖြစ်ကြောင်း သိရသည်။

"ရွှေပိုးနဲ့ ရွှေပြည်နန်းတို့ရဲ့ ဒုတိယအကြိမ် ရိုက်ကူးထားတဲ့ ဇာတ်လမ်းတိုလေးပါ။ ရွှေပြည်နန်းနဲ့ပတ်သက်ပြီး ပထမဆုံး အလှအပ ကြိုက်တဲ့ရွာ ဇာတ်လမ်းကိုလဲ ရိုက်ကူးခဲ့ပြီးဖြစ်ပါတယ်။ တကယ်တော့ ပရိသတ်တွေ စိတ်ဝင်စားနေတဲ့ ပိုစတာလေးထွက်ထားပေမဲ့ ဟာသပုံစံလေး တင်ဆက်ထားတာပါ။ ဘယ်လိုပျော်ရွှင်ရယ်မောစရာ ကောင်းလဲဆိုတာကို ဒီဇာတ်လမ်းလေးထွက်လာရင် ကြည့်ရှုအားပေးကြပါဦး"ဟု သရုပ်ဆောင် ရွှေပိုးအိမ်က ပြောပြသည်။

ကျွန်တော်နှင့်သူမ လက်ထပ်ကြသောနေ့မှာ ဇာတ်လမ်းတိုတွင် သရုပ်ဆောင် စစ်နိုင်၊ ရွှေပိုးအိမ်၊ ထူးခြား၊ သွန်းဆုနဒီ၊ ဟိဏ်းစစ်၊ ဟိန်းခန့်၊ ဖိုးသာထူး၊ အရှည်ကြီး၊ ထက်ထက်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# A24 ၏ သမိုင်းတစ်လျှောက် ဒုတိယပြည်တွင်းဝင်ငွေ အကောင်းဆုံးဇာတ်ကား Civil War ဖြစ်လာ

**နယူးယောက် ဧပြီ ၃၀**

Civil War ဇာတ်ကားသည် A24 ရုပ်ရှင်ကုမ္ပဏီအတွက် သမိုင်းတစ်လျှောက် ဒုတိယမြောက် ပြည်တွင်းဝင်ငွေ အကောင်းဆုံး ဇာတ်ကားဖြစ်လာကြောင်း ဧပြီ ၂၉ ရက် သတင်းများအရ သိရသည်။

ရုံတင်ပြီး တတိယမြောက် သီတင်းပတ်ကုန် ကာလသို့ ဝင်ရောက်လာချိန်တွင် Civil War ဇာတ်ကား၏ ပြည်တွင်းဝင်ငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ သန်း ၅၀ ကို ကျော်လွန်ခဲ့ကြောင်း သိရသည်။

အထက်ပါ ဝင်ငွေအတိုင်းအဆ အရ Civil War ဇာတ်ကားသည် Lady Birdနှင့် Hereditary ဇာတ်ကားများကို ကျော်ဖြတ်၍ A24 ရုပ်ရှင်၏ ဒုတိယမြောက်ပြည်တွင်းဝင်ငွေအကောင်းဆုံးဇာတ်ကား ဖြစ်လာခဲ့ရသည်။

A24 ရုပ်ရှင်ကုမ္ပဏီ၏ သမိုင်းတစ်လျှောက် ပြည်တွင်းဝင်ငွေ အကောင်းဆုံးဇာတ်ကားမှာ Everything Everywhere All of Once ဇာတ်ကားဖြစ်ပြီး ပြည်တွင်းဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၇ သန်းရရှိခဲ့သည်။

ဒါရိုက်တာ အဲလက်ဂါးလန်း ရိုက်ကူးထားသည့် Civil War ဇာတ်ကားကို ဧပြီ ၁၂ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# သန်းခေါင်ယံကျိန်စာ ကမ္ဘောဒီးယား ရုပ်ရှင်ဇာတ်ကားကို မေ ၃ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

**ရန်ကုန် ဧပြီ ၃၀**

သန်းခေါင်ယံကျိန်စာ မြန်မာစာတန်းထိုး ကမ္ဘောဒီးယား ရုပ်ရှင်ဇာတ်ကားကို မေ ၃ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ပိုင်တံခွန်က ပြောပြ၍ သိရသည်။

သန်းခေါင်ယံကျိန်စာ ရုပ်ရှင်ဇာတ်ကားကို Real Bros.Film Production က ရိုက်ကူးထုတ်လုပ်ထားပြီး ကမ္ဘောဒီးယားဒါရိုက်တာ Leak Lyda က တာဝန်ယူရိုက်ကူးထားသည့် ကမ္ဘောဒီးယား ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ကျိန်စာသင့်နေတဲ့ မိဘမဲ့ဂေဟာလေးတစ်ခုမှာ ခြောက်လှန့်နေတဲ့ ကြောက်လန့်ဖွယ် သန်းခေါင်ယံညများ၊ ဂေဟာလေးရဲ့ အတိတ်ကဖြစ်ရပ်ဆိုးတစ်ခုကြောင့် ဖြစ်ပေါ်လာတဲ့ ဒေါသ၊ အမုန်း၊ အာဃာတတွေ ပြည့်နှက်နေတဲ့ မကောင်းဆိုးဝါး ဝိညာဉ်အကြောင်းကို ရိုက်ကူးပုံဖော်ထားတဲ့ ချောက်ချားကြောက်လန့်စရာ ဇာတ်လမ်းပုံစံဖြစ်ပါတယ်"ဟု သရုပ်ဆောင် ပိုင်တံခွန်က ပြောပြသည်။




သန်းခေါင်ယံကျိန်စာ ရုပ်ရှင်ဇာတ်ကားတွင် Pai အဖြစ် သရုပ်ဆောင် ပိုင်တံခွန်၊ Gech Lee အဖြစ် ကမ္ဘောဒီးယားဘုရင်၏မြေး တော်ဝင်မင်းသမီးလေး Princess Jenna Norodom ၊ Dalin အဖြစ် Shin Yubin၊ Reatrei အဖြစ် Mony Raksa စသည်ဖြင့် ကမ္ဘောဒီးယား အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Greenland 2 ဇာတ်ကားသစ် စတင်ရိုက်ကူးနေပြီဖြစ်

**နယူးယောက် ဧပြီ ၃၀**

Greenland 2 ဇာတ်ကားသစ်ကို စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း ဧပြီ ၂၉ ရက်တွင် ဟောလိဝုဒ် သတင်းဝက်ဘ်ဆိုက်များက ရေးသားဖော်ပြထားသည်။

Greenland 2 ဟူ၍ အမည်ပေးထားသည့် အဆိုပါ ဇာတ်ကားသစ်ကို မူလ Greenland (2020) ဒါရိုက်တာ ရစ်ရိုမင် ဝေါ့ကပင် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Greenland 2 ဇာတ်ကားတွင် မူလ Greenlandမှ မင်းသား ဂျရတ်ဘတ္တလာနှင့် မင်းသမီး မိုရီနာဘက်ကာရင်းတို့ ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

Greenland (2020) ဇာတ်ကားသည် သဘာဝကပ်ဘေးကြောင့် ခေတ်ပျက်ပြီးချိန်တွင် မိသားစုတစ်စု အသက်ရှင်ရေးအတွက် ရုန်းကန်ရပုံကို ပုံဖော်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

Greenland 2 ဇာတ်ကားကို ၂၀၂၅ ခုနှစ်အတွင်း ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# ပွင့်ဖြူမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ မြို့ပြနှင့်ကျေးလက်ကွာဟမှု ကျဉ်းမြောင်းစေပြီး လူမှုစီးပွားဘဝဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပွင့်ဖြူမြို့နယ် ကျေးရွာနှစ်ရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကွဲတိကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ၊ ရွာခိုင်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားရန် မှာကြားသည်။

ပွင့်ဖြူမြို့နယ် ကွဲတိကျေးရွာတွင် အကျယ် လေးလက်မ၊ အနက် ပေ ၅၀၀ စက်ရေတွင်း တူးဖော်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန်နှင့် အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများအားလုံးကို ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၆၈၆ သန်းဖြင့်လည်းကောင်း၊ ရွာခိုင်ကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေ ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၈ ဒသမ ၇၆ သန်းဖြင့်လည်းကောင်း Shwe Group ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဝင်းမာ

# The message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the International Workers' Day (1 May 2024)

**Esteemed workers,**

1 May, today is a significant day called International Workers' Day with full essence in honour of workers worldwide. I extend greetings to all workers as a main force essential for the State with best wishes for enjoying physical and mental well-being with all advantages and auspiciousness.

International Workers' Day is celebrated in global countries annually as a significant day in the world worker movement history marking the day to enhance value of labour, and to properly enjoy working hours.

The government emphasizes promotion of manufacturing and booming economy. On the International Workers' Day, today, I take pride in sending this message as part of recognizing workers as an important force of the State contributing to development of the economic sector with the physical and mental strengths.

**Esteemed workers,**

By encouraging MSME businesses comprising micro-, small- and medium-sized enterprises will help develop State economy, generate jobs for citizens and enhancing their socioeconomic life.

It is necessary to develop human resources essential for MSME businesses and recruit skilled workers in relevant industries. Hence, skill training schools have been established to conduct skilled training courses, help establishment of private training schools, issue recognized certificates at different level of skills and encourage education for emergence of skilled labours with the aim of turning out skilled workers with the capacity of competing with others at home and abroad.

Garment industries based on worker strength can create employments for citizens, earning foreign exchange for the State and turning out skilled workers. As such, the government cooperates with Myanmar Garment Entrepreneurs Association and partner organizations in order to achieve success in the garment sector, raise the export sector and develop the State economy.

As Myanmar has many good opportunities blessed by nature, these good opportunities are being efficiently utilized for increasing domestic economy and productivity and shaping the nation to become an exporter from the status of an importer country. In so doing, as the strength of workers are playing a key role for shaping the nation, physical and mental endeavours of workers can be seen for serving the interest of the State and the people.

Bilateral recognition and harmony need between employers and employees in striving for increasing domestic products and solving labour affairs. To do so, employer and employee recognition certificates have been issued to 3,017 employee organizations and 28 employer organizations in accord with the Labour Organization Law 2011. Workers representing these organizations cooperate with government representatives and employer representatives in solving labour issues and I anticipate that good results will come out.

The government signed memorandums of understanding on labour cooperation with foreign countries in order to enable Myanmar workers to have overseas employment opportunities, protect rights and entitlements of Myanmar migrant workers abroad and systematically apply experiences, knowledge and technologies obtained from foreign countries in Myanmar. Labour attachés have been appointed in the countries where most of Myanmar employees are working and those attachés are assigned to protect rights of Myanmar migrant workers.

**Esteemed workers,**

Only when workers who are a main productive force of the State enjoy fruits of socioeconomic life security and healthcare services and factories operate at full capacity will production in addition to health, education and social sectors develop simultaneously. In realizing such an aim, workers are being provided healthcare services and cash compensation with facilities of three workers' hospitals, 96 social security clinics, 60 departmental clinics, one traditional medicine clinic, 64 private hospitals and clinics and two mobile medical units.

In initiating workplace safety and development of health conditions of workers from factories and industries, I would like to urge work management officials to participate in playing an emphasis on workplace safety and healthcare services under the relevant disciplines.

Myanmar has joined the ASEAN Occupational Safety and Health Network-ASEAN-OSHNET as a member since 2000 as part of cooperation with regional and international organizations in order to ensure workplace safety and upgrading health standard of Myanmar.

It is necessary to more effectively solve difficulties in disputes between employers and employees in accordance with the law. In so doing, as relevant seminars and workshops have been held for solving the labour disputes with the aim of seeking good ways and results, government, employers and employees have frankly exchanged their views.

In order to improve workplace relations, employers and employees have to initially negotiate disputes at relevant workplaces and solve them step by step in accord with the law for forging good workplace relations in a long run and contributing to development of the nation with increased manufacturing activities.

In conclusion, I send this message in honour of the International Workers' Day valued by all the people and I would like to urge workers to join hands with the government in implementing the five-point roadmap and objectives for building a peaceful and prosperous, modern and developed, disciplined democratic nation, enhancing State economy and socioeconomic life of the people with increasing the production and creating employment opportunities for socioeconomic life improvement of the massive Myanmar workers.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# YRIC approves five new investments from citizens, foreigners in Yangon Region



An electrical goods factory in operation.

**Yangon April 30**

Yangon Region Investment Committee stated on 26 April, saying that it has approved investments for five new projects to be run by citizens and foreigners.

Being an economic hug, Yangon city attracts investors at home and abroad.

The Yangon Region Investment Committee invites businesspersons at home and abroad to put investments in Yangon Region and inspects invested factories for fire prevention and fire insurance process.

In April 2024, one project to be fully un by Myanmar citizen, two by foreigners and two joint ventures have been approved in Yangon Region at the meeting 4/2024 of the committee on 24 March.

These investments cover sorting, crushing and exporting beans, maize and sesame, produciton of paper bags on a CMP basis, making of clothings and wedding dress.

These investments were valued at K4 billion and US$4.103 million to create jobs for 1,952 local people.

336

# Water supply projects to cover more than 500 villages with water shortages in 2024-25 FY


A water supply project being implemented in a village.

**Nay Pyi Taw April 30**

The Department of Rural Development stated that more than 500 villages which may face shortages of water will be supplied drinking water in 2024-25 financial year.

The department is implementing the water supply projects in rural areas in respective financial years for enabling all rural people to consume safe water in 2030.

In so doing, a total of 10,047 water supply projects were implemented in 9,420 villages from 2019-20 financial year to 2021-22 FY with the State budget and contribution of UNICEF in addition to budgets from relevant region and state governments.

In 2022-23 FY, the State budget was spent on 988 water supply projects in 883 villages in 272 townships.

During the period, the department implemented the projects for 40 artesian wells, 309 tube-wells, 61 hand-dug wells, 147 earthen lakes, 147 springs, 16 rainwater tanks, 161 water pipeline taps, 60 water treatment facilities, 17 water tanks, 11 pipeline laying processes and 70 others, totalling 988 projects.

In 2023-24 FY, plans were implemented for 699 projects in 699 villages. In 2024-25 FY, 644 projects will be implemented in 581 villages which may face water shortages.

This year, 102 villages may face shortage of drinking water. So, the department will fulfill the needs of these villages in time. 336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Three townships in Chin State to implement highland frmlands in 2024-25 FY

**Nay Pyi Taw April 30**

According to the Ministry of Agriculture, Livestock and Irrigation, plans are underway to implement highland farmlands in three townships of Chin State in 2024-25 financial year.

No 3 highland farmland reclamation project office under the Agricultural Mechanization Department in Haka of Chin State will reclaim 229 acres of highland farmlands in three townships of Chin State.

The highland farmlands aim to fulfill basic needs of local ethnic people relying on manageable scale slash and burn farming. So, the department is implementing reclamation of highland farmlands.

The project will comprise reclamation of farmlands nearby the residences of farmers, appropriate farmlands for cultivation, selection of slope areas, and suitable areas for resettlement of new villages.

The highland farmlands will prevent loss of soil layers and benefit farmers with growing cash crops and contribute to regional development and environmental conservation.

Those ethnic people wishing to reclaim highland farmlands can apply for it at the Township General Administration Department via relevant village administrators and send copies to the No 3 highland farmland reclamation project office, relevant township farmland management and statistics department, agriculture department and irrigation and water utilization management department. 336


Highland reclamation in progress for farming.

# Monywa Township reports successful winter corn harvest

**Monywa April 30**

According to the Monywa Township Department of Agriculture, the winter crop planting season in Monywa Township, Monywa District, Sagaing Region, has yielded a bountiful harvest of seed corn and field corn, encompassing 8,087 acres.

During the 2023-2024 winter crop planting season, which commenced in October and concluded in December, the diligent efforts of farmers in Monywa Township have led to the successful harvesting of both seed corn and field corn. As of February of this year, 966 acres of seed corn have been reaped, averaging an impressive 43.46 baskets per acre, while 7,121 acres of field corn have been harvested, yielding an average of 15,000 baskets per acre.

Reflecting on the season's accomplishments, U Soe Thet Aung, head of Monywa Township's Department of Agriculture, remarked, "Throughout the winter crop planting in Monywa Township, we effectively utilized 8,087 acres for the cultivation of seed corn and field corn. The completion of harvesting marks a significant milestone. We have also prioritized disseminating knowledge to ensure the success of corn cultivation and provided guidance to mitigate the risks of pest infestations."

The planning for the 2023-2024 winter crop season saw Monywa Township allocate 9,029 acres for the cultivation of seed corn and field corn, with 8,087 acres effectively utilized between October and December 2023.

Moreover, looking ahead to the 2023-2024 monsoon season, Monywa Township has designated 14,672 acres for the cultivation of various types of corn. From May to September of the previous year, a total of 13,532 acres were cultivated, including 11,474 acres of millet corn, 1,805 acres of seed corn, and 253 acres of field corn. 206

# Five more universities to open doctoral courses on English in 2024-25 AY

**Nay Pyi Taw April 30**

The Ministry of Education has stated that doctoral courses on English language will be conducted at Myitkyina, Taunggyi, Mawlamyine, Pathein and Magway universities as from 2024-25 academic year, starting from June 2024.

Currently, 20 PhD (English) faculty members are serving duties at universities across the nation. Now, Doctoral course on English language is being conducted at Yangon and Mandalay universities.

Hence, the ministry approved conducting of the doctoral course on English language at the foresaid universities in 2024-25 academic year so as to emerge PhD (English) graduates.

Moreover, arrangements have been made for assigning the English doctoral thesis supervisory committee and academic committee to emerge qualified doctors.

The ministry will schedule for students to join the academic period and sports period on timetable in 2024-25 AY.

The timetable shows taking sports exercises and reading at libraries in addition to teaching plans at the basic education schools in 2024-24 academic year.

Hence, school libraries must be facilitated with necessary books for raising the reading habits of the students.

336

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ယီမင်ကမ်းရိုးတန်းအနီးတွင် အမေရိကန်နိုင်ငံပိုင် MQ-9 Reaper ဒရုန်းတစ်စင်း ထပ်မံပျက်ကျခဲ့



အမေရိကန်လေတပ်သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ အရှေ့အလယ်ပိုင်းဒေသတွင်း၌ MQ-9 Reaper ဒရုန်း စုစုပေါင်း သုံးစင်းဆုံးရှုံးခဲ့သည်ဟု အမေရိကန်စစ်ဘက် တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်ဟု ရုရှားနိုင်ငံ RT သတင်းဌာနက မေ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သည် ယီမင်ကမ်းလွန်တွင် အမေရိကန်ဒေါ်လာ သန်း ၃၀ တန် MQ-9 Reaper ဒရုန်းတစ်စင်း ထပ်မံဆုံးရှုံးခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်မှ အရာရှိများ၏ ပြောကြားချက်ကိုကိုးကား၍ CBS သတင်းဌာနက မေ ၂၆ ရက်တွင် ရေးသားထားသည်။ ဒရုန်းပျက်ကျမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများဆက်လက်လုပ်ဆောင်နေချိန်တွင် ဟူသီသူပုန်များက အဆိုပါ ဒရုန်းကို ၎င်းတို့ပစ်ချခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် MQ-9 Reapers ဒရုန်းတစ်စင်းပျက်ကျခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် နောက်ထပ်တစ်စင်း ထပ်မံပျက်စီးခဲ့ရာ အဆိုပါဒရုန်းနှစ်စင်းသည် အီရန်နှင့်ဆက်နွယ်နေသည့် စစ်သွေးကြွများ လက်ချက်ဖြင့် ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်လေတပ်က ပြောကြားသည်။

အီရန်နှင့်ဆက်နွယ်နေသည့် ဟူသီအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ Yahya Saree က စစ်သွေးကြွများသည် ပင်လယ်နီအတွင်း ဗြိတိသျှရေနံသင်္ဘော Andromeda Star ကို ရေတပ်ဒုံးကျည်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာတိုက်ရိုက်ထိမှန်ခဲ့ကြောင်း မေ ၂၇ ရက်က အခိုင်အမာ ပြောကြားခဲ့သည်။

ဟူသီသူပုန်များသည် အဆိုပါဒေသအတွင်းရှိ ပစ်မှတ်အများအပြားကို ဦးတည်၍ သင်္ဘောဖျက်ဒုံးကျည် သုံးစင်းဖြင့် ပစ်လွှတ်တိုက်ခိုက်ခဲ့ပြီး ဗြိတိန်ရေနံသင်္ဘောကို ထိမှန်ပျက်စီးခဲ့ကြောင်း အမေရိကန်စစ်ဘက်က အတည်ပြုပြောကြားခဲ့သည်။ Andromeda Star ရေနံတင်သင်္ဘောသည် အသေးစားပျက်စီးမှုကို သတင်းပို့ထားသော်လည်း ၎င်း၏ခရီးစဉ်အတိုင်း ဆက်လက် ခုတ်မောင်းလျက်ရှိနေသည်ဟု အမေရိကန် ဗဟိုစစ်ဌာနချုပ် (CENTCOM) မှ X လူမှုကွန်ရက်တွင် ပြောကြားထားပြီး ရေကြောင်းစစ်ဘက်ညွှန့်ပေါင်းအဖွဲ့က ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် ပျက်စီးမှုတစ်စုံတစ်ရာသတင်းပေးပို့ထားမှု မရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယီမင်အစိုးရဟုကြွေးကြော်ထားသည့် ဟူသီသူပုန်များသည် ဂါဇာကမ်းမြောင်ဒေသကိုအစ္စရေး၏ ထိုးစစ်ဆင်မှုကိုတုံ့ပြန်သည့်အနေဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ နှောင်းပိုင်းကတည်းက ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့ရှိ အစ္စရေးနိုင်ငံနှင့် ဆက်နွယ်နေသည့် အရပ်ဘက်သင်္ဘောများကို တိုက်ခိုက်နေခြင်းဖြစ်သည်။ စစ်သွေးကြွများသည် အစ္စရေးတို့ဘက်က ပါလက်စတိုင်းနယ်မြေကို တိုက်ခိုက်မှုများ ရပ်တန့်သည်ထိ ၎င်းတို့၏ စစ်ဆင်ရေးကို ဆက်လက်လုပ်ဆောင်မည်ဟု ကတိပြုထားကြောင်း သိရသည်။

အဆိုပါဟူသီအဖွဲ့သည် ၎င်းတို့တပ်စွဲထားရာနေရာအများအပြားကို ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လာခဲ့ပြီးနောက်ပိုင်း ထိုနိုင်ငံများပိုင်ဆိုင်သောသင်္ဘောများ သို့မဟုတ် ချိတ်ဆက်လုပ်ဆောင်နေသော သင်္ဘောများကိုလက်တုံ့ပြန် တိုက်ခိုက်မှုအများအပြားပြုလုပ်ခဲ့သည်။

မေ ၂၄ ရက်တွင် စစ်သွေးကြွများသည် အေဒင်ပင်လယ်ကွေ့ရှိ အမေရိကန်ပိုင်သင်္ဘော Maersk Yorktown၊ စစ်သင်္ဘော တစ်စင်းနှင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ အစ္စရေးပိုင်သင်္ဘော MSC Veracruz တို့ကို တိုက်ခိုက်ခဲ့သည်။

ထို့နောက် ယီမင်ကမ်းလွန်တွင် အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းတပ်ဖွဲ့ဝင်များသည် ဒရုန်းလေးစင်း၊ ဟူသီသူပုန်များက ပစ်လွှတ်သောသင်္ဘောဖျက်ဒုံးကျည်တစ်စင်းတို့ကိုပစ်ချနိုင်ခဲ့ကြောင်း အမေရိကန် အာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

စူးအက်တူးမြောင်းကိုဖြတ်၍ ကုန်သွယ်မှုလမ်းကြောင်းတွင် ကုန်စည်ကူးသန်းသွားလာမှု ၅၀ ရာခိုင်နှုန်းကျဆင်းသွားကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ပြီးခဲ့သည့်လက အစီရင်ခံတင်ပြရာတွင် ဟူသီတို့၏ တိုက်ခိုက်မှုများကြောင့် ဒေသတွင်း ပင်လယ်ကူးသင်္ဘောများဖြတ်သန်းသွားလာမှု သိသိသာသာကျဆင်းသွားခဲ့ရကြောင်း သိရသည်။

**Another $30 million US drone destroyed off Yemen's coast – CBS ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရတ်လေတပ်က တရုတ်ထုတ် CH-5 ဒရုန်းကို ထုတ်ဖော်ပြသ

မေ ၂၄ ရက်တွင် အီရတ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန၏ လေတပ်နှစ်ပတ်လည် (၉၃) နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားတွင် တရုတ်ထုတ် Cai Hong-5 ဒရုန်း (CH-5) ကို ပထမဆုံးအကြိမ် တရားဝင်ထုတ်ဖော်ပြသမှုနှင့်အတူ အီရတ်လေတပ်၏ Rafale နှင့် F-16IQ တိုက်လေယာဉ်များ ပါဝင်သည့် လေ့ကျင့်ပျံသန်းမောင်းနှင်၍ သရုပ်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက မေ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ လေကြောင်းအာကာသသိပ္ပံနှင့်နည်းပညာကော်ပိုရေးရှင်း(CASC) က ထုတ်လုပ်ထားသော CH-5 ဒရုန်းကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် တရုတ်နိုင်ငံ Gansu ပြည်နယ်တွင် ပထမဆုံးစမ်းသပ်ပျံသန်းနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် Zhuhai ရှိ နိုင်ငံတကာလေကြောင်းနှင့်အာကာသပြပွဲကြီးတွင် ပထမဆုံးအကြိမ် လူသိရှင်ကြား ထုတ်ဖော်ပြသခဲ့သည်။ ထုတ်ပြန်ထားသော သတင်းအချက်အလက်များအရ CH-5 ဒရုန်းသည် အလယ်အလတ်အမြင့်ပျံ၊ လေထဲတွင်ကြာရှည်ပျံသန်းနိုင်သော MALE ဒရုန်းအမျိုးအစားဖြစ်ပြီး တောင်ပံအလျား ၂၁ မီတာ၊ Payload တင်ဆောင်နိုင်မှု အလေးချိန် ကီလိုဂရမ် ၁၂၀၀ ရှိကာ ကီလိုဂရမ် ၉၀၀ သာ သယ်ဆောင်နိုင်သည့် ယခင် Cai Hong အုပ်စုဝင် ဒရုန်းများထက် Payload တင်ဆောင်နိုင်မှု ပိုမိုမြင့်မားကောင်းမွန်ကြောင်း သိရသည်။

ဤစွမ်းဆောင်ရည်သည် Cai Hong 5 သို့မဟုတ် Rainbow 5 ဒရုန်းဟုလည်း လူသိများကြသော CH-5 ဒရုန်းအတွက် LanJian 7 (Blue Arrow 7)လေဆာလမ်းညွှန် ဝေဟင်မှမြေပြင်ပစ်ဒုံးများ၊ TG100 လေဆာ /INS/GPS လမ်းညွှန်ပဲ့ထိန်းဗုံးများ၊ AR-1/HJ-10 တင့်ဖျက်ပဲ့ထိန်းဒုံးများကဲ့သို့ ဝေဟင်မှမြေပြင်ပစ်လက်နက်ခဲယမ်း ၁၆ ခုထိ သယ်ဆောင်နိုင်စွမ်းရှိစေလိမ့်မည်ဖြစ်သည်။

CH-5 ဒရုန်း၏ လုပ်ဆောင်နိုင်မှုအကွာအဝေးသည် Line-of-Sight Datalink ဖြင့် ကီလိုမီတာ ၂၅၀၊ ဂြိုဟ်တုဆက်သွယ်ရေးအသုံးပြုသည့်အခါ ကီလိုမီတာ ၂၀၀၀ ထိ တိုးမြှင့်နိုင်မည်ဖြစ်ပြီး အမြင့်ဆုံးပျံသန်းစစ်ဆင်နိုင်မှုအကွာအဝေး ကီလိုမီတာ ၆၅၀၀ ဖြစ်ကြောင်း အစီရင်ခံစာများတွင် ဖော်ပြထားသည်။ ထို့ပြင် စစ်ဆင်နိုင်မှုအကွာအဝေးကို ကီလိုမီတာ ၁၀၀၀၀ ထိ အဆင့်မြှင့်တင်သွားရန် အစီအစဉ်များ ချမှတ်လုပ်ဆောင်လျက်ရှိသည်။ အများဆုံးပျံသန်းမှုကြာချိန်သည် လက်ရှိတွင် နာရီ ၆၀ ဖြစ်ပြီး နာရီပေါင်း ၁၂၀ ထိ တိုးမြှင့်ရန် ရည်ရွယ်ထားကာ ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်စွမ်းကိုပါ မြှင့်တင်ပေးသွားမည်ဖြစ်သည်။

CH-5 ဒရုန်းသည် မြင်းကောင်ရေ ၃၃၀ ကို လောင်စာဆီသုံးအင်ဂျင် (HFE) ဖြင့် မောင်းနှင်ထားပြီး ပျံသန်းချိန် နာရီ ၆၀ ထိ တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသည်။ တစ်နာရီလျှင် ကီလိုမီတာ ၁၈၀ မှ ၂၂၀ ကြား အမြန်နှုန်းနှင့် အမြင့်ဆုံးအမြန်နှုန်း ကီလိုမီတာ ၃၀၀ ကျော်ထိ ပျံသန်းနိုင်စွမ်းရှိသည်။ ထို့ပြင် မြင်းကောင်ရေ ၃၀၀ ရှိသော ဓာတ်ဆီအင်ဂျင်လည်း တပ်ဆင်အသုံးပြုနိုင်ပြီး လေထဲတွင် ၃၉ နာရီထိ ပျံသန်းနိုင်စေမည်ဖြစ်သည်။ CH-5 ဒရုန်းသည် အများဆုံး အမြင့်ပေ ၃၀၀၀၀ ပျံသန်းနိုင်သည်။

ပြည်တွင်းနှင့် ပြည်ပဈေးကွက် နှစ်ခုစလုံးအတွက် ဒီဇိုင်းထုတ်ထားသည့် CH-5 ဒရုန်းသည် အနောက်နိုင်ငံထုတ် ဒရုန်းများနှင့်နှိုင်းယှဉ်ပါက ၎င်း၏ကုန်ကျစရိတ်သက်သာမှုကြောင့် နိုင်ငံတကာက စိတ်ဝင်စားမှုရရှိထားပြီး နိုင်ငံအများအပြားက ဝယ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ ထို့ပြင် ဒရုန်းသည် ကြိုတင်အစီအစဉ်ရေးဆွဲထားသော Waypoint Navigation ကိုအသုံးပြု၍ အလိုအလျောက်ပျံသန်းလုပ်ဆောင်နိုင်မှုအတွက် ဒီဇိုင်းထုတ်ထားပြီး ပူးတွဲမစ်ရှင်များထမ်းဆောင်နိုင်ရန်အတွက် CH စီးရီးရှိ အခြားဒရုန်းများနှင့် ပေါင်းစည်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဤအင်္ဂါရပ်သည် CH-5 ကို လက်ရှိ CH-3 နှင့် CH-4 ဒရုန်းများနှင့် လွယ်ကူစွာပေါင်းစည်းလုပ်ဆောင်နိုင်စေပြီး တူညီသောထိန်းချုပ်မှုစနစ်များနှင့် ဒေတာချိတ်ဆက်မှုများကို အသုံးပြုကာ အီဂျစ်၊ အီရတ်နိုင်ငံ ကဲ့သို့သော တရုတ်ဒရုန်းနည်းပညာအသုံးပြုသူများအတွက် ဆွဲဆောင်မှုရှိသော အဆင့်မြှင့်တင်မှုဖြစ်လာစေသည်။



ဤသို့ နောက်ဆုံးပေါ်စွမ်းဆောင်ရည်များဖြင့် CH-5 ဒရုန်းသည် တရုတ်နိုင်ငံထုတ် စစ်ဘက်နည်းပညာများကို အဆင့်မြှင့်တင်ရန်နှင့် နိုင်ငံတကာစစ်လက်နက်ပစ္စည်းရောင်းချမှုနယ်ပယ်တွင် ၎င်း၏ ဩဇာလွှမ်းမိုးမှုကိုချဲ့ထွင်ရန် တရုတ်နိုင်ငံ၏ ပိုမိုကျယ်ပြန့်သောမဟာဗျူဟာရည်မှန်းချက်များနှင့် ကိုက်ညီသည်။ တရုတ်နိုင်ငံ China Aerospace Science and Technology Corporation (CASC) သည် CH-5 ဒရုန်းကို တင်ပို့ရောင်းချရန် အခွင့်အလမ်းများကိုရှာဖွေနေပြီး နိုင်ငံအများအပြားက စိတ်ပါဝင်စားလျက်ရှိသည့် ဒရုန်းထုတ်လုပ်မှုနည်းပညာကို အခြားနိုင်ငံများသို့ လိုင်စင်ထုတ်ပေးနိုင်မည့် အလားအလာ ပါရှိနေသည်။

**Iraqi Air Force is now equipped with Chinese-made CH-5 medium-altitude long-endurance drone ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၀၈၇ ဧက ရိတ်သိမ်းပြီးစီး



**မုံရွာ ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၈၀၈၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၉၆၆ ဧက၊ ဖူးစားပြောင်း ၇၁၂၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၄၃ ဒသမ ၄၆ တင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"မုံရွာမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၈၀၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိပြောင်းစိုက်ခင်းတွေအားလုံး ရိတ်သိမ်းပြီးပါပြီ။ ပြောင်းစိုက်ခင်းတွေအောင်မြင်ဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်အသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ၌ ကုန်ထုတ်လမ်းအပိုင်း(၂) ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး စစ်ဆေး

**မော်လမြိုင် ဧပြီ ၃၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရိုးဂိုးကျေးရွာ၌ ကုန်ထုတ်လမ်းအပိုင်း(၂) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေ၊ အနိမ့်အမြင့်တိုင်းတာခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ဦးစီးအရာရှိ ဦးကျော်ဇော်အောင်(နည်းပညာ)၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ရိုးဂိုးကျေးရွာ ရပ်မိရပ်ဖများ၊ ကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် လမ်းအရှည်၊ အကျယ်မှာ သတ်မှတ်ထားသည့် စံနှုန်းများနှင့်ကိုက်ညီမှုရှိ၊ မရှိ၊ မြေပြင်အခြေအနေနှင့် ကိုက်ညီသည့် လမ်းအမျိုးအစားဖြစ်ရေးအတွက် မြေပြင်အနိမ့်အမြင့်တိုင်းတာခြင်း၊ လမ်းအူကြောင်းရှာဖွေခြင်း၊ လက်ရှိကုန်ထုတ်လမ်းအသုံးပြုမှုအခြေအနေ၊ မြေနေရာရရှိနိုင်မှုအခြေအနေများနှင့် ရေမြောင်းနှင့် တံတားလိုအပ်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။ **သုတ**



# လယ်ဝေးမြို့နယ် ညောင်ပင်သာကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဧပြီ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်သာကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်က ညောင်ပင်သာကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံကာ ရန်ပုံငွေများထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး စုစုပေါင်း အသင်းသူ၊ အသင်းသား ၁၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၃၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မျိုးသန်းညွန့်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၀-၄-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၉၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၀၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

၇ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးကို အလေးထား အားပေးမြှင့်တင်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကာယ၊ ဉာဏစွမ်းအားဖြင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုလျက်ရှိသည့် နိုင်ငံတော်၏ အရေးပါသည့် အင်အားစုကြီးဖြစ်သော အလုပ်သမားကြီးများကို အသိအမှတ်ပြုဂုဏ်ပြုသည့်အနေဖြင့် ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့တွင် ဤသဝဏ်လွှာကို ဂုဏ်ယူဝမ်းမြောက်စွာ ပေးပို့အပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား –**

အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် (MSME) လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ပေးနိုင်သည့်အပြင် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

MSME လုပ်ငန်းများအတွက် အဓိကလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်နှင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်လုပ်သားများရရှိရန် လိုအပ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတွင်း၌သာမက ပြည်ပနိုင်ငံများနှင့်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတည်ထောင်၍ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ပုဂ္ဂလိကသင်တန်းကျောင်းများ တည်ထောင်နိုင်ရေး အားပေးကူညီခြင်း၊ ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း၊ Skill Labour များရရှိရန် ပညာရေးကို အားပေးမြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

လုပ်သားအင်အားကို အခြေပြုသည့်အထည်ချုပ်လုပ်ငန်းများသည် နိုင်ငံသားများအား အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးနိုင်ခြင်း၊ ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ဖြည့်စွမ်းပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် အထည်ချုပ်လုပ်ငန်းကဏ္ဍများ အောင်မြင်စေရန်၊ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းအပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် သဘာဝကပေးထားသည့် အခွင့်အလမ်းကောင်းများစွာရှိပြီးဖြစ်သည့်အတွက် ယင်းအခွင့်အလမ်းကောင်းများကို ထိရောက်အကျိုးရှိစွာအသုံးချ၍ ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပြည်ပမှကုန်ပစ္စည်းများ ဝယ်ယူတင်သွင်းသည့်နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့သည့်နိုင်ငံဖြစ်လာရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစု၏ စွမ်းဆောင်မှုသည်အဓိကဖြစ်ရာ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလုပ်သမားကြီးများက ကိုယ်အား၊ ဉာဏ်အားရှိသရွေ့ အစွမ်းကုန်အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း အားရဖွယ်ရာတွေ့ရှိရပါသည်။

ပြည်တွင်းထုတ်ကုန်တိုးမြှင့်ရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များဖြေရှင်းဆောင်ရွက်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အပြန်အလှန်အသိအမှတ်ပြုမှုနှင့် သဟဇာတဖြစ်မှုတို့ လိုအပ်ပါသည်။ ထိုသို့ညှိနှိုင်းဆောင်ရွက်နိုင်ရန် ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်း ၃၀၁၇ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း ၂၈ ဖွဲ့တို့ကို အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးထားပြီးဖြစ်ပါသည်။ ယင်းအဖွဲ့အစည်းများကို ကိုယ်စားပြုသည့် အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များတွင် အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်းလည်းသိရှိရပြီး အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု မျှော်လင့်ပါသည်။

မြန်မာလုပ်သားများ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားများ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် ပြည်ပမှရရှိလာသော အတွေ့အကြုံ၊ အသိပညာနှင့် အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျအသုံးချနိုင်ရန် ပြည်ပနိုင်ငံများနှင့် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုး၍ အလုပ်သမားများကို စေလွှတ်ပေးလျက်ရှိပါသည်။ ထိုကဲ့သို့ အလုပ်သမားအများစုသွားရောက်လုပ်ကိုင်သည့် နိုင်ငံများတွင် အလုပ်သမားသံအရာရှိများခန့်အပ်တာဝန်ပေး၍ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

> **အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် မိမိတို့လုပ်ငန်းခွင်အတွင်း အလုပ်သမားရေးရာနှင့် ပတ်သက်သည့် အငြင်းပွားမှုများကို လုပ်ငန်းခွင်အတွင်း၌ ကနဦးဆွေးနွေးညှိနှိုင်းခြင်း၊ ဥပဒေနှင့်အညီ အဆင့်ဆင့်ဆွေးနွေး ညှိနှိုင်းမှုတို့ကြောင့် ရေရှည်တွင်လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေခြင်းသာမက ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်. . .**

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား –**

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားကြီးများ၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေနိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ခြင်းတို့ဖြင့် ကုန်ထုတ်လုပ်မှုများတိုးတက်ပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင်ပါ တစ်ပြိုင်တည်း တိုးတက်လာနိုင်မည်ဖြစ်ပါသည်။ ၎င်းရည်ရွယ်ချက်ဖြင့် အလုပ်သမားဆေးရုံကြီး သုံးရုံ၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ပုဂ္ဂလိကဆေးရုံဆေးခန်း ၆၄ ခန်း၊ ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit)နှစ်စီးတို့ဖြင့် အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံနှင့်အလုပ်ဌာနများမှ အလုပ်သမားကြီးများကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတိုးတက်ကောင်းမွန်စေရေးဆောင်ရွက်ပေးရာတွင် လုပ်ငန်းစီမံခန့်ခွဲသူများအနေဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်တွေအပေါ် အလေးထားမှု၊ ကိုယ်စီစည်းကမ်းလိုက်နာမှုတို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ဒေသတွင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှစတင်၍ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကွန်ရက် (ASEAN Occupational Safety and Health Network-ASEAN-OSHNET)တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရှင်နှင့် အလုပ်သမားအကြားဖြစ်ပွားသော အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဥပဒေနှင့်အညီ ပိုမိုထိရောက်စွာဖြေရှင်းနိုင်ရန်လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နည်းလမ်းကောင်းနှင့် ရလဒ်ကောင်းများဖော်ထုတ်နိုင်စေရန် မျှော်မှန်း၍ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာနှီးနှောဖလှယ်ပွဲများ ကျင်းပပေးလျက်ရှိရာ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြပါသည်။

လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်လာစေရေးအတွက် **အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် မိမိတို့လုပ်ငန်းခွင်အတွင်း အလုပ်သမားရေးရာနှင့်ပတ်သက်သည့် အငြင်းပွားမှုများကို လုပ်ငန်းခွင်အတွင်း၌ ကနဦးဆွေးနွေးညှိနှိုင်းခြင်း၊ ဥပဒေနှင့်အညီ အဆင့်ဆင့်ဆွေးနွေးညှိနှိုင်းမှုတို့ကြောင့် ရေရှည်တွင် လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေခြင်းသာမက ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်**ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်လာရေး၊ ကုန်ထုတ်လုပ်ငန်းများကိုမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခြင်းဖြင့် မြန်မာအလုပ်သမားထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အလုပ်သမားကြီးများက နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကြိုးပမ်းအားထုတ်ကြဖို့ တိုက်တွန်းပါကြောင်းနှင့် ပြည်သူတိုင်းက ထာဝစဉ်တန်ဖိုးထားသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုလျက် ဤသဝဏ်လွှာကိုပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အခြေခံပညာ Grade-12 နှင့် အဆင့်မြင့်ပညာ(တက္ကသိုလ်)သင်ရိုးများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် မေ ၃၀**

အခြေခံပညာ Grade-12နှင့် အဆင့်မြင့်ပညာ(တက္ကသိုလ်)သင်ရိုးများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆက်စပ်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ၂၀၁၉ ခုနှစ်တွင် Grade 12 အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်တွင် အဆင့်မြင့်ပညာသင်ယူရာတွင် Grade 12 ထိ သင်ယူခဲ့သော သင်ရိုးညွှန်းတမ်းများအပေါ် အခြေခံပြီး တက္ကသိုလ်သင်ရိုးညွှန်းတမ်းများကို ချိတ်ဆက်သင်ကြားပေးနိုင်ရေးအတွက် ဆွေးနွေးအကြံပြုကြစေလိုပါကြောင်း၊ Grade 12 သင်ရိုးညွှန်းတမ်းနှင့်ချိတ်ဆက်၍ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြင့် ကျောင်းသား၊ ကျောင်းသူများ တတ်မြောက်အောင်သင်ကြားပေးနိုင်ရေးအတွက် အကြံပြုဆွေးပေးကြစေလိုပါကြောင်း၊သဘာဝတူညီသော တက္ကသိုလ်များအနေဖြင့် သင်ရိုးညွှန်းတမ်းနှင့် ဘွဲ့သင်တန်းကာလသတ်မှတ်မှုတွင် ညှိနှိုင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ဘာသာရပ်ပါမောက္ခများ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၏ ဆွေးနွေးဆုံးဖြတ်ချက်များကို စုစည်းကာ သက်ဆိုင်ရာကော်မတီသို့ တင်ပြပေးကြစေလိုပါကြောင်း၊ တက္ကသိုလ်များမှ အရည်အချင်းရှိသော ပညာတတ်များ မွေးထုတ်ပေးရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့တက်ရောက်လာကြသော ဆက်စပ်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၃၀**

နိုင်ငံတော် ဘဏ္ဍာငွေအသုံးပြု၍ ဆောင်ရွက်ရသည့် စာအုပ်စာစောင်များ ပုံနှိပ်ခြင်းကို အစိုးရပိုင်ပုံနှိပ်စက်များတွင် စနစ်တကျအပ်နှံ လုပ်ဆောင်ရေးအတွက် အစိုးရဆိုင်ရာ ပုံနှိပ်လုပ်ငန်းများစီမံခန့်ခွဲမှု ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး၊ အစိုးရဆိုင်ရာ ပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခင်အစည်းအဆက်မှစတင်၍ စာအုပ်စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနက ပုံနှိပ်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်ကြောင်း၊ ယခုအချိန်တွင် အစိုးရဌာနများမှ ရိုက်နှိပ်ရမည့် စာအုပ်စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးတို့ကပုံနှိပ်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ညွှန်ကြားထားပါကြောင်း။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဘတ်ဂျက်အသုံးပြုရသည့် ပုံနှိပ်စာအုပ်များ ရိုက်နှိပ်ခြင်းကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကသာ ဆောင်ရွက်ပြီး လုပ်ငန်းမနိုင်မှသာ ပြင်ပသို့အပ်နှံရန်ဟု ညွှန်ကြားမှုပြုခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ အထက်ပါညွှန်ကြားချက်နှင့်အညီ စာအုပ်စာစောင်ရိုက်နှိပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြဝတီစာပေတိုက်အပါအဝင် ပုံနှိပ်တိုက်များတွင်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ ပုံနှိပ်တိုက်များတွင်လည်းကောင်း၊ သာသနာရေးဦးစီးဌာနရှိ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်လည်းကောင်း လုပ်ငန်းအပ်နှံနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် မဖြစ်မနေအခြေအနေမှသာ ပြင်ပ၌ရိုက်နှိပ်နိုင်ရေး ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများသို့ ထပ်ဆင့်အကြောင်းကြားထားရခြင်း ဖြစ်ပါကြောင်း။

ညွှန်ကြားချက်များအပေါ် မူတည်ပြီး ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထံ တင်ပြခဲ့ပြီး ခွင့်ပြုသည့်အတွက် အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ အပ်နှံသည့်လုပ်ငန်းများ အဆင်ပြေစေရန် မိမိတို့၏ လုပ်နိုင်စွမ်းအားနှင့် Demand လိုအပ်ချက်ကို အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ဝန်ကြီးဌာနများအနေဖြင့် နားလည်မှုနှင့် ညီညီညွတ်ညွတ် ပေါင်းစည်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က လက်ရှိအခြေအနေတွင် အစိုးရဌာနဆိုင်ရာများက ပုံနှိပ်လုပ်ငန်းအပ်နှံနေပြီး ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏မူဝါဒအရ ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ပြီး ဌာနများအနေဖြင့် အပ်နှံရန်လျာထားမှုလုပ်ငန်းပမာဏ၊ရိုက်နှိပ်နိုင်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ပုံနှိပ်လုပ်ငန်းဆောင်ရွက်နေမှု၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ဆောင်ရွက်မှု၊ ပုံနှိပ်စက်များ၏ အခြေအနေ၊ ဆောင်ရွက်နိုင်မှုလုပ်ငန်းပမာဏ၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ပုံနှိပ်စက်များ တပ်ဆင်ထားရှိမှု၊ ပုံနှိပ်ဆောင်ရွက်သည့်စနစ်၊ ပုံနှိပ်စက်များ၏စွမ်းအားနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုပမာဏ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ ပုံနှိပ်စက်များ၏ အခြေအနေ၊ ပုံနှိပ်လုပ်ငန်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစိုးရဆိုင်ရာ ပုံနှိပ်လုပ်ငန်းများစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန်က အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်



**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်ထံ ဂုဏ်ပြုပေးအပ်စဉ်။**



**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်ထံ ဂုဏ်ပြုပေးအပ်စဉ်။**

**နေပြည်တော် မေ ၃၀**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဒုတိယဝန်ကြီးများနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်းငါးဆယ်ကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းငါးဆယ်ကိုလည်းကောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တိုင်းမှူးထံ အသီးသီး ဂုဏ်ပြုပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# မန္တလေးမြို့ မစိုးရိမ်တိုက်သစ် အဂ္ဂါဘိဓဇဆရာတော်ကြီး ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ပျံလွန်တော်မူခြင်း ၂၁ နှစ်ပြည့် ရာပြည့်သက်တော်ရည်မှန်းပူဇော်ခြင်း ရာပြည့်ပူဇာသဘင်အခမ်းအနားကျင်းပ





**မန္တလေး မေ ၃၀**

မန္တလေးမြို့ မစိုးရိမ်တိုက်သစ် အဂ္ဂါဘိဓဇဆရာတော်ကြီး ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၏ ပျံလွန်တော်မူခြင်း ၂၁ နှစ်ပြည့် ဆရာတော်ကြီး၏ သက်တော်အားဖြင့် ရာပြည့်ဖြစ်၍ ရာပြည့်သက်တော် ရည်မှန်းပူဇော်ခြင်း ရာပြည့်ပူဇာသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မစိုးရိမ်တိုက်သစ် ဓမ္မမဟိန္ဒီကျောင်းတော်ကြီးတွင်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ (သန်လျင်မင်းကျောင်းဆရာတော်)အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ကြီးနှင့် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီးများ၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆွေတော်မျိုးတော်များ၊တပည့်သံဃာတော်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြကာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်ရွှေတံဆိပ်ဆုများရှင် တက္ကသိုလ်စောင်းအေးစုကျော် မြန်မာမှုတေးဂီတအဖွဲ့က ထူးမခြားသီချင်းဖြင့် ရွတ်ဆိုပူဇော်ပေးပြီး အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပရာ တက်ရောက်လာသည့်ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ဆရာတော်၊သံဃာတော်များက တရားတော်များချီးမြှင့်ခြင်း၊ ရတုပိုဒ်စုံတေးများဖြင့် သီကျူးပူဇော်ခြင်း၊ ရာပြည့်ပူဇာသဘင်ဆင်ယင် ကျင်းပရခြင်း အကြောင်း လျှောက်ထားခြင်း၊ ဆရာတော်ကြီးများထံမှ ဩဝါဒကထာများနာယူကြည်ညိုခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ (သန်လျင်မင်းကျောင်းဆရာတော်)အမှူးပြုပြီး ဆရာတော်၊သံဃာတော်များထံ သင့်န်းအစရှိသော လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုသာဓုခေါ်၍ ရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန် တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၀

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းဆောင်ရွက်



**ပဲခူး ဧပြီ ၃၀**

ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဧပြီ ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မိုးညိုမြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၄၂ ခုမှ ပြည်သူ ၂၉၇ ဦး၊ မင်းလှမြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၆ ခုမှ ပြည်သူ ၂၃၆ ဦး၊ စုစုပေါင်း ၅၃၃ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးလေ့လာကြသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲပေးခဲ့ရသည့် အတွေ့အကြုံများနှင့် မဲရုံအဖွဲ့ဝင်များအဖြစ်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့်ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့်အကြံပြုချက်များကိုပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ချီဖွေမြို့နယ် လေးမိုင်တပ်စခန်း - စုစည်း - တောင်သုံးလုံး - မက်လင်ကော့လမ်း တစ်မိုင်ကွန်ကရစ် ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် ဧပြီ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁၀ ဒသမ ၆၀၂ သန်းဖြင့် ကချင်ပြည်နယ် ချီဖွေမြို့နယ် လေးမိုင်တပ်စခန်း - စုစည်း- တောင်သုံးလုံး - မက်လင်ကော့လမ်းတစ်မိုင်ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ချီဖွေမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

ယင်းလမ်းသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ လမ်းတာချဲ့ခြင်းနှင့် ကျောက်ခင်းလမ်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၉ မိုင်ရှိသည့်အနက် ခုနစ်မိုင်ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် အဆိုပါလမ်း ၁၉ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးပါက ရာသီမရွေးဆော့လော်မြို့နယ်နှင့် တရုတ်နယ်စပ်ဒေသဖြင့် ထိစပ်နေသည့် ဖီမော်ကျေးရွာအုပ်စု၊ ကန်းဖန့်ကျေးရွာအုပ်စုနှင့် လန်ဆယ်ကျေးရွာအုပ်စုတို့နှင့် ဆက်သွယ်ထားသော အဓိကလမ်းဖြစ်သဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများနှင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အပြင် လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသထွက်ကုန်များကိုမြို့ပေါ်သို့ အချိန်တိုအတွင်း ပို့ဆောင်နိုင်တော့မည်ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ကုန်စည်စီးဆင်းမှုများစွာ အထောက်အကူပြုသည့်အတွက် ကျေးလက်နေပြည်သူများအနေဖြင့် များစွာဝမ်းမြောက်ဝမ်းသာဖြစ်နေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပခုက္ကူမြို့နယ် ဖောင်ချောင်းကျေးရွာကို ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း မှန်ကန်မှုမရှိသည့် သတင်းတု၊သတင်းမှားများကို လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဖောင်ချောင်းကျေးရွာကို ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဧပြီ ၂၉ ရက်တွင် ပစ်ခတ်ဝင်ရောက်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရပါသည်။




ဖြစ်စဉ်အမှန်မှာ PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ညောင်ဂျစ်ပင်ကျေးရွာနှင့် ရေလာလေးကျေးရွာတို့ကို ဒရုန်းများ၊ လက်လုပ်လက်နက်ကြီးများဖြင့် လာရောက်တိုက်ခိုက်ခဲ့ရာ ရေလာလေးကျေးရွာမှ ပြည်သူတစ်ဦးသေဆုံးခဲ့ပြီး ငါးဦးထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ထို့နောက် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၏ ပြန်လည်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများက အနီးဝန်းကျင်ရှိ ဖောင်ချောင်းကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် နေအိမ်များမီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ပြီး ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ခြင်းမဟုတ်ကြောင်း ဒေသတွင်း သတင်းအရင်းအမြစ်များအရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများအား သတင်းအမှန်များအချိန်နှင့်တစ်ပြေးညီသိရှိစေရန် ရေးသားထုတ်လွှင့်ခြင်းမရှိဘဲ သတင်းတု၊ သတင်းမှားများဖြင့်သာ သတင်းအဆိပ်ခတ်လျက်ရှိပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် တစ်ဖက်သတ်စွပ်စွဲရေးသားချက်များကိုသာ ရည်ရွယ်ချက်ရှိရှိရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်သမားများရဲ့သတ်ဖြတ်ဖြင်းစံခဲ့ရတဲ့ မြဝတီက အပြစ်မဲ့စစ်ဘေးရှောင်မိသားစု"** ခေါင်းစဉ်ဖြင့် ၂၀-၃-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဗုဒ္ဓဘာသာတို့ အထွတ်အမြတ်ထားကိုးကွယ်ရာဖြစ်သည့် အလောင်းတော်ကဿပဘုရားကိုတောင် မိုင်းခွဲ၊ ရွှေခွာလုပ်လာကြတဲ့ ဘာသာမဲ့အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာ သည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် လူနှစ်ဦးသေဆုံး



**နယူးဒေလီ မေ ၃၀**

အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းမှုဖြစ်ပွားကာ အပူချိန်မြင့်တက်ခဲ့ပြီး အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သည့်ရောဂါကြောင့် ဒေသခံလူနှစ်ဦးသေဆုံးခဲ့ကြောင်း ကီရာလာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်မှာ ၄၁ ဒသမ ၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး သေဆုံးသူနှစ်ဦးမှာ အသက် ၉၀ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၅၃ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း၊ အပူချိန်ပမာဏမှာ ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ် ကျော်လွန်မြင့်တက်နေပြီး အရေးပေါ်အခြေအနေဖြင့်ဆေးကုသမှုခံယူနေရသူများလည်းရှိနေကြောင်း၊ နွေရာသီကာလအတွင်း အပူချိန်ကာလရှည် မြင့်တက်ဖွယ်ရှိနေပြီး အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သောရောဂါဝေဒနာခံစားရသူဦးရေ ပိုမိုမြင့်တက်လာဖွယ်ရှိနေကြောင်း ကီရာလာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အပူချိန်မြင့်တက်မှုနဲ့ဆက်စပ်တဲ့ ရောဂါဝေဒနာကြောင့် အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက် သေဆုံးသွားခဲ့ပါတယ်။ အရေးပေါ် ဆေးကုသမှုခံယူနေရတဲ့သူတွေလဲ ရှိနေပါတယ်"ဟု ကီရာလာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်နေသည့်ကာလအတွင်း မလိုလားအပ်ဘဲ အပြင်သို့ သွားလာခြင်းမပြုရန်နှင့် မဖြစ်မနေ အပြင်သို့လှုပ်ရှားသွားလာရမည်ဆိုပါက အမိုးအကာဆောင်ရန်လည်း ကီရာလာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# အင်ဒိုနီးရှား၌ သစ်ပင်များခုတ်ထွင်ခံရခြင်းကြောင့် သစ်တောများ ပြုန်းတီးလာ

**ဂျကာတာ မေ ၃၀**

အင်ဒိုနီးရှားနိုင်ငံတွင် ထိန်းသိမ်းကာကွယ်ထားသော သစ်ပင်များကို ခုတ်ထွင်ဖျက်ဆီးခံရခြင်းကြောင့် သစ်ပင်ပြုန်းတီးလာခဲ့ကြောင်း World Resources Institute က ဖော်ပြထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆီအုန်း၊ စက္ကူနှင့် ရော်ဘာစိုက်ခင်းများ၊ နီကယ်သတ္တုတူးဖော်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ချဲ့ထွင်ရေးအတွက် သစ်ပင်များခုတ်ထွင်မီးရှို့ခြင်းတို့ကြောင့် ယခုအခါ သစ်တောများ ပြုန်းတီးပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ နီကယ်သတ္တုတူးဖော်မှုသည် မကြာသေးမီက လေ့လာမှုများအရ သစ်တောပြုန်းတီးမှုတချို့နှင့် ဆက်စပ်နေကြောင်း University of Maryland ၏ Global Land Analysis and Discovery အချက်အလက်များအရ သိရသည်။

"သစ်တောပြုန်းတီးမှုဆိုင်ရာ အချက်အလက်တွေကို လေ့လာဆန်းစစ်ကြည့်ရင် ၂၀၂၃ ခုနှစ်နဲ့ ၂၀၁၀ ပြည့်နှစ် သစ်တောဆုံးရှုံးမှုကို နှိုင်းယှဉ်ရင် ကျဆင်းလာခဲ့ပါတယ်။ ဒါဟာ အင်ဒိုနီးရှားနိုင်ငံအတွက် သတင်းကောင်းဖြစ်ပေမဲ့ ရည်မှန်းထားတဲ့အဆင့်ကို ရောက်ရှိဖို့ကိုတော့ ကြိုးစားရအုံးမှာဖြစ်တယ်"ဟု သစ်တောအစီအစဉ်၏ ကမ္ဘာလုံးဆိုင်ရာ ဒါရိုက်တာ Rod Taylor က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီကို အကြီးမားဆုံးထုတ်လုပ်သည့်အပြင် ကျောက်မီးသွေးကို ပြည်ပနိုင်ငံများသို့ အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ကာ စက္ကူအတွက် ပျော့ဖတ် အများဆုံးထုတ်လုပ်သူလည်းဖြစ်ကြောင်း၊ အင်ဒိုနီးရှားသည် တောရိုင်းတိရစ္ဆာန်များ၊ ရောမသစ်တောများ၊ မျိုးသုဉ်းလုနီးပါး တောရိုင်းတိရစ္ဆာန်များနှင့် အပင်မျိုးစုံရှိသည့် ကမ္ဘာ့တတိယအကြီးဆုံး မိုးသစ်တောကြီးလည်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်ရှိ တောင်တန်းများတွင်ကျက်စားသော ဂရစ်ဇလီဝက်ဝံများ မျိုးသုဉ်းမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်သွားမည်

**ဝါရှင်တန် မေ ၃၀**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် အရှေ့မြောက်ဘက်ရှိ တောင်တန်းများတွင် နေထိုင်ကျက်စားကြသော ဂရစ်ဇလီဝက်ဝံများ မျိုးသုဉ်း ပျောက်ကွယ်နိုင်သည့်အရေးနှင့် ရင်ဆိုင်နေရသည့်အတွက် North Cascades အမျိုးသားဥယျာဉ်သို့ ပို့ဆောင်ကာ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ထိုသို့ရွှေ့ပြောင်းရာတွင် ဂရစ်ဇလီဝက်ဝံများကို ဖမ်းဆီးခြင်း၊ ထရပ်ကားပေါ် တင်ဆောင်ခြင်းနှင့် ရဟတ်ယာဉ်များဖြင့် ရွှေ့ပြောင်းခြင်းလုပ်ငန်းစဉ်များသည် ခက်ခဲသော လုပ်ငန်းစဉ်များဖြစ်သည့်အပြင် ရွှေ့ပြောင်းမည့်နေရာသည် ဝက်ဝံများ ကျက်စားရာနေရာနှင့် ဝေးလံခြင်းများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ အဆိုပါဝက်ဝံများနေရာသစ်မှာ အခြေကျရန်အတွက် အချိန်ယူရဦးမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းအောင်မြင်ရန်အတွက် သေချာကောင်းမွန်သော အစီအစဉ်ရေးဆွဲမှုသည် အရေးကြီးကြောင်း North Cascades အမျိုးသားဥယျာဉ်ရှိ တောရိုင်းတိရစ္ဆာန် ဇီဝဗေဒပညာရှင် Jason Ransom က ပြောကြားခဲ့သည်။

ယခုကဲ့သို့ ရွှေ့ပြောင်းပို့ဆောင်ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် လာမည့်ငါးနှစ်မှ ၁၀ နှစ်အတွင်း ဝက်ဝံအကောင်ရေ ၂၅ ကောင်ထိ တိုးလာရန်ကိုလည်း မျှော်လင့်ထားကြောင်း၊ ဂရစ်ဇလီဝက်ဝံများကို ယခုကဲ့သို့ ထိန်းသိမ်းရခြင်းမှာ ၎င်းတို့နေထိုင်ကျက်စားရာဒေသများအတွင်း ၎င်းတို့၏ သားမွေးကြောင့် ဝက်ဝံထောင်နှင့်ချီ၍ သေဆုံးခဲ့ရသည့်အတွက် မျိုးသုဉ်းမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်ရန် စီစဉ်ခဲ့ရခြင်းဖြစ်ကြောင်း၊ နှစ်ပေါင်း ၆၀ အတွင်း ဝက်ဝံအကောင်ရေ အနည်းဆုံး ၂၀၀ ထိ တိုးလာရန် ရည်မှန်းချက်ထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း အမျိုးသားဥယျာဉ်ဝန်ဆောင်မှုနှင့် အမေရိကန်ငါးနှင့် တောရိုင်းတိရစ္ဆာန်ဝန်ဆောင်မှုမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : KZ**



# ၂၀၃၅ ခုနှစ်တွင် ကျောက်မီးသွေးလောင်စာ သုံးစွဲမှုကိုစွန့်လွှတ်ရန် G7 အဖွဲ့ဝင်နိုင်ငံများ သဘောတူညီမှု ရရှိခဲ့

**ရောမ မေ ၃၀**

G7 အဖွဲ့ဝင်နိုင်ငံများက ရုပ်ကြွင်းလောင်စာ သုံးစွဲမှုလျှော့ချရေးအတွက် အီတလီနိုင်ငံ တူရင်မြို့၌ ယနေ့တွင် အစည်းအဝေးကျင်းပကာ ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ ၂၀၃၅ ခုနှစ်အရောက်တွင် ကျောက်မီးသွေးလောင်စာ သုံးစွဲမှုကို စွန့်လွှတ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း G7 အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အီတလီစွမ်းအင်ဝန်ကြီး ပီချက်တိုက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆွေးနွေးမှုသဘောတူညီချက်အရ ၂၀၃၀ ပြည့်နှစ် နှစ်ကုန်ပိုင်းကာလမှစတင်၍ ကျောက်မီးသွေးလောင်စာသုံးစက်ရုံများကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးလောင်စာသုံးစက်ရုံများကို ပိတ်သိမ်းမည်ဖြစ်၍ စီးပွားရေးကဏ္ဍကို ထိခိုက်စေနိုင်သော်လည်း အနာဂတ်ကမ္ဘာမြေကြီး၏ကျန်းမာရေးအတွက် မဖြစ်မနေ ဆောင်ရွက်သင့်သဖြင့် လိုအပ်သော စွမ်းအင်ကဏ္ဍကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ တိုးချဲ့သွားမည်ဖြစ်ကြောင်း ဝန်ကြီး ပီချက်တိုက ပြောကြားခဲ့သည်။

"G7 အဖွဲ့ဝင်တွေ တူရင်မြို့မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဆွေးနွေးမှုအရ ကျောက်မီးသွေးလောင်စာသုံးစက်ရုံတွေကို ပိတ်သိမ်းသွားမှာဖြစ်ပါတယ်။ ၂၀၃၅ ခုနှစ်မှာ အပြီးသတ်ပိတ်သိမ်းသွားမှာလဲဖြစ်ပါတယ်။ ၂၀၃၀ ပြည့်နှစ် နှစ်ကုန်ပိုင်းလောက်ကနေစတင်ပြီးတော့ ကျောက်မီးသွေးလောင်စာသုံးစက်ရုံတွေပိတ်သိမ်းသွားဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီး ပီချက်တိုက ပြောကြားခဲ့သည်။

အစည်းအဝေး၌ G7 အဖွဲ့ဝင်နိုင်ငံများကြား ကျောက်မီးသွေးလောင်စာသုံးစက်ရုံများ ပိတ်သိမ်းကာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ရာတွင် နည်းပညာပိုင်းဆိုင်ရာ အပြန်အလှန် အကူအညီပေးအပ်သွားမည်ဖြစ်ကြောင်းလည်း G7 သဘောတူညီချက်တွင် ထည့်သွင်းဖော်ပြသွားခဲ့သော်လည်း နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်များရရှိရန် လိုအပ်နေဆဲဖြစ်ပြီး နိုင်ငံရေးပိုင်းဆိုင်ရာ သဘောတူညီချက်များ အမြန်ဆုံးရရှိရန် ကြိုးပမ်းနေကြောင်းလည်း အီတလီစွမ်းအင်ဝန်ကြီး ပီချက်တိုက ပြောကြားသွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# အင်ဒိုနီးရှားနိုင်ငံရှိ ရူအန်မီးတောင် ပေါက်ကွဲမှုဖြစ်ပွား

**ဂျကာတာ မေ ၃၀**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝီစီကျွန်းတွင်တည်ရှိသည့် ရူအန်မီးတောင်သည် ယနေ့ နံနက်အစောပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အင်ဒိုနီးရှား Volcanology and Geological Hazard Mitigation (PVMBG) စင်တာ မီးတောင်အခြေအနေကို အချိန်ပြည့် စောင့်ကြည့်လျက်ရှိကြောင်း၊ မီးတောင်အတွင်းမှ မီးခိုးငွေ့များနှင့် ချော်ရည်များ ယိုဖိတ်မှုဖြစ်ပေါ်နေပြီး အန္တရာယ်ရှိသည့်အဆင့်ကိုလည်း အမြင့်ဆုံးအဆင့်အဖြစ် သတ်မှတ်ထားကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

မီးတောင်ပေါက်ကွဲမှုအန္တရာယ် အမြင့်ဆုံးအခြေအနေအဖြစ် သတ်မှတ်ထားသည့်အတွက် မီးတောင်ပတ်ဝန်းကျင်တွင် သွားလာလှုပ်ရှားမှုမပြုရန်နှင့် မီးတောင်အနီးပတ်ဝန်းကျင်မှ ဒေသခံများကိုလည်း လိုအပ်လာပါက ဘေးလွတ်ရာ အမြန်ဆုံး ရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လည်း အင်ဒိုနီးရှားအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

မီးတောင်အနီးပတ်ဝန်းကျင်တွင် နေအိမ်ပေါင်း ၈၀၀ ကျော်ထိတည်ရှိနေပြီး မီးတောင်အတွင်းမှ ထွက်ပေါ်လာသော မီးခိုးငွေ့များမှာလည်း မီးတောင်နှင့် ၁၀၀ ကီလိုမီတာအကွာထိ ရောက်ရှိနေကြောင်း Volcanology and Geological Hazard Mitigation (PVMBG) စင်တာက ထုတ်ပြန်သွားခဲ့သည်။

ဆူလာဝီစီကျွန်းကို လေကြောင်းခရီးစဉ်များဖြတ်သန်းမောင်းနှင်ခြင်း မပြုရန်လည်း အင်ဒိုနီးရှားလေကြောင်း အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲရာမှ ကျောက်တုံးကျောက်ခဲများလည်း အနီးပတ်ဝန်းကျင်သို့ လွင့်စဉ်နေပြီး ကျောက်တုံးကျောက်ခဲများကြောင့် နေအိမ်တချို့ ပျက်စီးမှုများရှိနေကြောင်း အင်ဒိုနီးရှားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# မေတ္တာကိုအရင်းပြု၍

မောင်(စက်မှု)



(၁)

သည်လိုညမျိုးကို မိသော် သိပ်ကြောက်သည်။ မိုးက သဲကြီးမဲကြီးရွာနေသည်။ မိသော်တို့၏အိမ်လေးက အမိုးမလုံတော့ပေ။ တစ်အိမ်လုံး ယိုကျနေသည့် မိုးရေများကြောင့် ခြေချစရာနေရာပင်မရှိတော့။ မီးဖိုချောင်က အိုး၊ ခွက်၊ ဇလုံများပါ မကျန်ပေ။ တစ်အိမ်လုံး မိုးယိုရာနေရာများကို ခွက်များ၊ ဇလုံများနှင့် ခံထားရသည်။ အမေ့ကိုကြည့်တော့ မိုးလွတ်ရာ ဝါး ထရံထောင့်လေးတွင် ကွေးကွေးလေးကပ်ထိုင်နေသည်။ အိမ်ပြန်မလာသေးသော အဖေ့ကို မျှော်နေဟန်တူသည်။ တံခါးဘက်ဆီ လည်ဆန့်လို့ အပြင်ကိုငေးကြည့်နေသည်။ ယိုင်နဲ့နဲ့ ဘုရားဆောင်လေးတွင် ထွန်းထားသည့် ဖယောင်းတိုင်လေးက ကုန်လုကုန်ခင်။ တစ်ချက်တစ်ချက် တိုက်ခတ်လာသော လေအဝှေ့တွင် ဖယောင်းတိုင်မီးက ငြိမ်းမလိုလိုဖြစ်သွားသည်။ မိသော် မီးအသစ်ပူဇော်ရန် ဘုရားဆောင်ဆီလာသည်။ ဖယောင်းတိုင်ထုပ်ဆီ လက်လှမ်းတော့ အိတ်ခွံသာရှိတော့သည်။

"အမေ"

မိသော် ခေါ်သံကြောင့် ဒေါ်ငွေစိန် သမီးဖြစ်သူကို လှမ်းကြည့်သည်။

"ဖယောင်းတိုင်ကုန်ပြီအမေ။ ဝယ်မထားဘူးလား"

ဒေါ်ငွေစိန် မိသော်ကို မျက်စောင်းရွယ်ကာ-

"ဘာပိုက်ဆံနဲ့ ငါကဝယ်ရမှာတုံး။ နင့်အဖေလဲ တစ်ပြားမှမပေးဘူး။ နင်လဲ အလုပ်မဆင်းတာလေ။ ငါ့လက်ထဲ ပိုက်ဆံမှမရှိဘဲ။ အခုထွန်းထားတာတောင် အရီးပုဆီက တောင်းထွန်းထားတာ"

"အမေရယ် ကျုပ်လဲ အလုပ်ရှာနေပါတယ်။ မိကျော့ မနက် ကျုပ်ကိုလာခေါ်မယ်ပြောတယ်။ ဒီတစ်ခါတော့ အလုပ်ရမှာပါ"

အမေ့ကိုပြောရင်း မိသော် သူ့ကိုလာစဉ်သော မိုးရေစက်များကို လက်ဖြင့်သုတ်ပစ်လိုက်သည်။

"ဒီညတော့ ညလုံးပေါက်မယ်ထင်တယ် အမေရယ်"

"မတတ်နိုင်ဘူးအေ။ နှစ်တိုင်း ဒီလိုပဲဟာ။အမိုးမိုးဖို့ မပြောနဲ့ စားဖို့တောင်အနိုင်နိုင်ဟာ မိုးလွတ်တဲ့နံရံကို မှီအိပ်ကြတာပေါ့"

အမေ့စကားကြားတော့ မိသော် သက်ပြင်းချသည်။ မိုးသည်းသည့်ညတိုင်း ဝါးထရံလေးကိုမှီကာ ငုတ်တုတ်မိုးလင်းခဲ့ရသည့်ညများ သူတို့ဘဝမှာ မရေတွက်နိုင်ခဲ့ပေ။ ထို့ကြောင့် မိုးသည်းညများကို မိသော် သိပ်ကြောက်သည်။ အခြားသူများ အိပ်ကောင်းသော်လည်း ကိုယ်များမှာ ငုတ်တုတ်ထိုင်ငိုက်ရသည့် ဘဝများဖြစ်သည်။

"အဖေကလဲ ညဉ့်နက်နေပြီ။ ဒီလောက်မိုးကြီးနေတာ စောစောပြန်မလာဘူး အမေရာ"

ဒေါ်ငွေစိန်ကတော့ ခင်ပွန်းဖြစ်သူအပြန်လမ်းကို လှမ်းမျှော်လျက်။ မိသော် မိုးလွတ်ရာ အလယ်ခန်းထောင့်လေးတွင် ထိုင်ချလိုက်သည်။ ပြတင်းပေါက်ကနေလှမ်းမြင်နေရသည့် ခပ်လှမ်းလှမ်းက မိုးမျှော်တိုက်များကို ငေးကြည့်နေမိသည်။ ထိုအမိုးအကာအောက်တွင် နေထိုင်နေသောလူများကို အားကျမိသည်။

(၂)

"မိသော်ရေ မိသော်"

"လာလေ မိကျော့။ အိမ်ပေါ်တက်ခဲ့"

မိသော် ခေါ်၍ မိကျော့ အိမ်ပေါ်တက်လာသည်။ တစ်အိမ်လုံးပလုံစီနေသည့် အိုးခွက်များကို ရှောင်နင်းကာ-

"နင်တို့အိမ်ကလဲ ရှောင်လင်ကားကြည့်ရသလိုပဲ ရှောင်ကွင်းပြီး သွားနေရတယ်"

"ဩော်. . . မိကျော့ရယ်။ မရှိတော့လဲ ရှိသလိုနေရတာပေါ့ဟယ်။ ဘယ်တတ်နိုင်ပါ့မလဲ"

"ညည်းအခု ဘာလုပ်နေလဲ"

"ထမင်းတည်ပြီး ထမင်းရည်ငှဲ့နေတာ။ မသွားခင် အဆာပြေဆားခတ်သောက်ဖို့"

"မြန်မြန်လုပ်အေ။ ပြီးရင် သွားရအောင်။ ဟင်းကော ချက်ပြီးပြီလား"

"မချက်ရသေးဘူး။ ကြက်ဥတစ်လုံးအမေ့အတွက် ပြုတ်ပေးခဲ့တယ်။ အမေဆားဖြူးစားလိမ့်မယ်။ ဒါတောင် အရီးပုဆီက သွားချေးထားတာ။ မနေ့ကဆို ဘာမှမရှိလို့ တို့သားအမိတွေ ရေသောက်ဗိုက်မှောက်နေရတာ"

"နင့်အဖေကလဲ တော်တော်ဆိုးကွယ်။ နည်းနည်းမှ အိမ်ကို မပေးဘူး။ နေမကောင်းတဲ့ အရီးငွေကို သနားလိုက်တာ"

"ဒါကြောင့် ငါ အလုပ်ရချင်တာ။ ပိုက်ဆံလေးရရင် အမေအားရှိတာလေး ချက်ကျွေးချင်တယ်။ အိမ်ကိုလဲ အမိုးမိုးချင်တယ်"

"အေးပါ မြန်မြန်လုပ်။ ငါတော့ သေချာပြောထားတာပဲ။ ညည်း အလုပ်ရမှာပါ"

မိသော် ထမင်းရည်ပူပူထဲကို ဆားအနည်းငယ်ထည့်မွှေကာ အဆာပြေသောက်သည်။ မနေ့ကတည်းက ဘာမှမစားရသေးသည့်ဝမ်းဟာ ယခုမှ နည်းနည်းနေသာသွားသည်။ သူ သောက်ပြီး ဆေးကြောကာ-

"သွားမယ် မိကျော့။ ငါ ဘာယူသွားရမလဲ"

"ဘာမှ မလိုပါဘူး။ နေ့လယ်စာလဲ ကျွေးမှာဆိုတော့ နင်လမ်းစရိတ်လေးပဲ နည်းနည်းထည့်ခဲ့"

"အဲဒါမှ ဒုက္ခ"

"ဘာဖြစ်လို့လဲဟဲ့"

"ငါ့မှာ တစ်ပြားမှမရှိဘူးဟယ်။ နင်ကူညီလက်စနဲ့ ချေးပါအုံး"

မိကျော့ သူ့ကို မျက်စောင်းထိုးကာ-

"ကောင်မရယ်။ ဆံထုံးလဲစိုက် ဆီလဲစိုက်ပဲနော်"

ထိုစကားကိုဆိုပြီး သူထဘီကြား လိပ်ထားသော ပိုက်ဆံကိုထုတ်၍ တစ်ထောင်တန် နှစ်ရွက် ကမ်းပေးသည်။

"လုပ်ခရှင်းရင် ငါ့ကိုပြန်ဆပ်နော်။ ငါလဲ ရှိမနေဘူး"

"အေးပါဟယ် ဆပ်မှာပေါ့။ အမေ သမီး ထမင်းအိုးထဲမှာကြက်ဥထည့်ပြုတ်ထားတယ်နော်။ အမေဆာရင် ထမင်းနဲ့ဆားဖြူးစားလိုက်"

နံရံထောင့်လေးမှာ မှီအိပ်နေသည့် ဒေါ်ငွေစိန်။ သမီးဖြစ်သူ လှမ်းမှာသံကြောင့်-

"အေး သမီး။ အေး မိကျော့ရေ အရီးသမီးကို ကူညီပါအုံး"

"ဟုတ်ကဲ့ အရီးငွေ။ နေရသက်သာရဲ့လား"

"ဒီလိုပါပဲကွယ်။ တရှောင်ရှောင်နဲ့ ကိုယ့်ကိုယ်ကိုယ်လဲ အားမရလှဘူး။ အိမ်အတွက် ဘာမှမကူနိုင်တော့ လူပိုလိုပဲ ခံစားရတယ်"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ အရီးငွေရယ်။ နေကောင်းအောင် အရင်လုပ်။သွားအုံးမယ်နော် အရီးငွေ"

"အေးအေး"

မိသော်နှင့် မိကျော့ လမ်းသွယ်ကနေ ကားမှတ်တိုင်ရှိရာ မိန်းလမ်းမသို့ထွက်လာကြသည်။ ခရီးသည်တင်ကားတစ်စီးထိုးရပ်လာတော့ နှစ်ယောက်သားတိုးကာ တက်သွားကြသည်။

(၃)

"ရောက်ပြီ မိသော် ဆင်းရအောင်"

သူတို့နှစ်ယောက် ကားပေါ်မှဆင်းသည်။ မိကျော့ ခေါ်ဆောင်ရာနောက် မိသော် လိုက်လာသည်။ လာရင်း လာရင်း လမ်းကျယ်ကြီးတစ်ခုသို့ ချိုးအဝင်မှာ ကြီးမားသောခြံဝင်းကြီးနှင့် နှစ်ထပ်အိမ်ကြီးရှေ့တွင် မိကျော့ရပ်တော့ မိသော်ပါလိုက်ရပ်သည်။

မိကျော့ ခြံတံခါးမှာမြှုပ်ကာတပ်ထားသည့် လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။ ခဏနေ ချောင်းကြည့်ပေါက်ကနေ လူတစ်ယောက်လာကြည့်ကာ-

"ဘယ်သူလဲ။ ဘာကိစ္စလဲ"

"မနေ့က ပြောထားတဲ့ အိမ်အကူလာပို့တာပါ"

ထိုစကားကြားတော့ ထိုလူ တံခါးသော့ဖွင့်ကာ သူတို့ကို တံခါးဖွင့်ပေးသည်။ ထည်ဝါလွန်းသည့် အိမ်ကြီးကိုကြည့်ပြီး မိသော် သိမ်ငယ်ကာ စိုးရိမ်စိတ်များဝင်နေသည်။ မိကျော့ကတော့ ဖွင့်ထားသည့်တံခါးကနေ တံခါးလာဖွင့်ပေးသူနောက် လိုက်ခဲ့သည်။ အိမ်ထဲဝင်တော့ ဖိတ်ဖိတ်လက်နေသည့်ကြမ်းပြင်ကြောင့် နင်းရမှာတောင် မိသော်မရဲပေ။ ခြံတံခါးဖွင့်ပေးသူက သူတို့ကို ခဏစောင့်ခိုင်းကာ အိမ်နောက်ခြမ်းဝင်သွားသည်။ ခဏနေတော့ အိမ်နောက်ဘက်ကနေ မိန်းမကြီးတစ်ယောက်ထွက်လာပြီး-

"မိကျော့ရေ ညည်းပြောတဲ့သူလား"

"ဟုတ်တယ် မပုံ"

"ခဏနော်။ မမသင်းကို မပုံသွားခေါ်လိုက်မယ်"

"ဟုတ်ကဲ့ မပုံ"

ထိုမိန်းမကြီး အပေါ်ထပ်တက်သွားသည်။ နာရီဝက်လောက်အကြာမှာ ထိုမိန်းမကြီးနှင့်အတူ တော်တော်လှသည့် အမျိုးသမီးတစ်ဦး ပါလာသည်။ အိမ်ကြီးရှင်သခင်မ ဖြစ်ပုံရသည်။ မတည်လွန်း၊ မပျော့လွန်းသည့်မျက်နှာနှင့် ဆိုဖာဆက်တီခုံတစ်ခုတွင်ဝင်ထိုင်သည်။ ထို့နောက် သူတို့ဘက်လှည့်ကာ-

"ဒီမှာ ဘာလုပ်ရမလဲ ပြောပြီးပြီလား"

"အဲဒါတော့ မပြောထားဘူး မမ။ အလုပ်ကရလား မရလားမသိလို့"

ထိုအိမ်ကြီးရှင်မက မပုံကိုလှည့်ကြည့်သည်။ မပုံက မိကျော့ကို-

"လူက အရေးတကြီးလိုနေတာလေ မိကျော့ရယ်။ ခန့်ဖို့ခေါ်တာပေါ့ဟဲ့"

"ထားလိုက်တော့ မပုံ။ လုပ်ရမှာတွေပြောပြီး လုပ်နိုင်မလားမေးကြည့်။ လုပ်နိုင်ရင် ခန့်ထားလိုက်။ သင်း ချိန်းထားတာရှိလို့ သွားတော့မယ်"

"ဟုတ်ကဲ့ မမသင်း"

မမသင်းဆိုသူက မိသော်တို့ကို လှည့်မကြည့်ဘဲ အိမ်ရှေ့ဆင်ဝင်အောက်တွင်ရပ်ထားသော ကားပေါ်သို့ တက်သွားတော့သည်။ ဘဝပေး ကုသိုလ်ကောင်းလွန်းသူမို့ မိသော်ငေးကြည့်နေမိသည်။

"ဟဲ့ မိသော်"

မိကျော့ခေါ်မှ သတိပြန်ဝင်တော့သည်။ မိသော် လုပ်ရမှာက အိမ်သန့်ရှင်းရေးနှင့်အိမ်ကြီးရှင်၏ သားကိုပြုစုရန်ဖြစ်သည်။ ငယ်စဉ်က အဖျားကြီးကာ ဆေးထိုးမှားမှုကြောင့် ခြေထောက်အောက်ပိုင်းသိမ်ကာ ချည့်သွားခဲ့သည်။ ပြေးလွှားဆော့ကစားနိုင်ရာမှ ယခုလိုဖြစ်သွားခဲ့တော့ ထိုကလေး စိတ်ဒဏ်ရာရတော့သည်။ အမြဲတမ်းစိတ်တိုကာ ဒေါသထွက်နေသူမို့ သူနားနေသူမမြဲပေ။ ထို့ကြောင့် အမြဲလူရှာရသည်။ ယခင်က သူနာပြုများခေါ်ထားသော်လည်း သူ့ဒဏ်မခံနိုင်တာကြောင့် ဘယ်သူမှမမြဲပေ။ ထို့ကြောင့် သူ့အပေါ် စိတ်ရှည်သည်းခံနားလည်ပေးနိုင်မည့်သူ လိုချင်ခြင်းဖြစ်သည်။ လစာကလည်း မက်လောက်အောင်ပေးထားသလို ထိုကလေးအကြောင်းကြားပြီး မိသော် စိတ်မကောင်းပေ။ သူ့ စိတ်ရှည်နိုင်သည်ဆိုကာ အလုပ်လက်ခံလိုက်သည်။

(၄)

မမသင်းသား တေဇက အသက် ၁၂ နှစ်ခန့်။ အတော်ဆိုးသည်။ စိတ်အလိုမကျမှုများနှင့်ဘယ်သူ့အပေါ်မှ ကောင်းကောင်းမဆက်ဆံ။ မိသော်တို့ အလုပ်ဝင်စမှာပင် ကြိုဆိုခံရမှုက သင်းလှသည်။ မပုံထိုကလေးရှိရာ အခန်းသို့ခေါ်လာခဲ့သည်။ ဝင်ဝင်ချင်း မိတ်ဆက်ပေးရန်ဖြစ်သည်။ အခန်းရှေ့ရပ်ကာ-

စာမျက်နှာ ၂၅သို့ ➤

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအရေးပါလျက်ရှိသော ကာယ၊ ဉာဏလုပ်သားကြီးများ

နှစ်စဉ် မေလ ၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ဖြစ်သည်။ အလုပ်ကာယ၊ ဉာဏအလုပ်သမားကြီးများ၏ စွမ်းဆောင်မှုကိုအသိအမှတ်ပြုရန် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ နေ့စဉ် ၈ နာရီ အလုပ်လုပ်ရန်၊ ၈ နာရီ အပန်းဖြေရန်နှင့် ၈ နာရီ အနားယူခွင့်ရရှိရန် တောင်းဆိုသည့်အလုပ်သမားသမဂ္ဂများ၏လှုပ်ရှားမှုမှ စတင်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့တွင် ရုံးပိတ်ပေးထားသဖြင့် ကမ္ဘာတစ်ဝန်းရှိ ကာယ၊ ဉာဏအလုပ်သမားကြီးများသည် မိသားစုနှင့်အတူ အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းခွင့်ရရှိကြမည်ဖြစ်သည်။

**တောင်းဆိုခဲ့ရ**

လွန်ခဲ့သော ၁၈ ရာစုက ဝိသမလောဘသမားအလုပ်ရှင်များသည် အလုပ်သမားများကို တစ်နေ့လျှင် ၁၆ နာရီမှ နာရီ ၂၀ ခန့် ခိုင်းစေခဲ့ကြသည်။ အလုပ်သမားများသည် နေ့စဉ်နာရီပေါင်းများစွာလုပ်ကိုင်ကြရသော်လည်း ထိုက်တန်သောလုပ်ခ လစာမရရှိခဲ့ချေ။ ထို့ကြောင့် အလုပ်သမားများ၏ လူနေမှုအဆင့်အတန်းသည် နိမ့်ကျခဲ့ရသည်။ ထို့ကြောင့် အလုပ်သမားခေါင်းဆောင်များသည် အလုပ်သမားများ သက်သာချောင်ချိရေးအတွက် တောင်းဆိုခဲ့ကြသည်။

၁၈၂၀ ပြည့်နှစ်မှ ၁၈၄၀ ပြည့်နှစ် ကာလများအတွင်း အလုပ်သမားခေါင်းဆောင်များသည် အလုပ်ချိန်လျှော့ချရေးအတွက် စဉ်ဆက်မပြတ်တောင်းဆိုခဲ့ကြသည်။ သို့သော် အလုပ်ရှင်များသည် အလွယ်တကူလိုက်လျောပေးခဲ့ခြင်းမရှိချေ။ အလုပ်ချိန်လျှော့ပေါ့ရေးအတွက် တောင်းဆိုသူများကို ဖမ်းဆီးမှုများရှိခဲ့သည်။ အလုပ်သမားတို့၏တိုက်ပွဲသည် အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်နှင့်ဩစတြေးလျတိုက်သို့ပင် ပျံ့နှံ့လာခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် ချီကာဂိုမြို့၌ပြုလုပ်သည့် အမေရိကန်အလုပ်သမားများအဖွဲ့က တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီသာ သတ်မှတ်ပေးရန် တောင်းဆိုခဲ့သည်။

ထိုသို့တောင်းဆိုမှုများကြောင့် ၁၈၈၉ ခုနှစ် မေ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ဟုသတ်မှတ်ခဲ့ပြီး ၁၈၉၀ ပြည့်နှစ် မေ ၁ ရက်နေ့မှ စတင်၍ နှစ်စဉ်မေ ၁ ရက်နေ့တွင် ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားများကိုစည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း အလုပ်သမားနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့တွင် တရားဝင်ရုံးပိတ်ပေးထားသည်။ ထိုနေ့တွင် ကာယ၊ ဉာဏ လုပ်သားကြီးများသည် လုပ်ငန်းခွင်ဝင်ရန်မလိုဘဲ အနားရသော်လည်းလုပ်ခလစာအပြည့်အဝရရှိကြသည်။ လက်ရှိအချိန်တွင် အလုပ်သမားများသည် ရသင့်ရထိုက်သော အခွင့်အရေးများ အပြည့်အဝရရှိနေကြပြီဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

**ဖွဲ့စည်းထားရှိ**

အလုပ်သမားများကို တန်ဖိုးထားသောအားဖြင့် ၁၉၁၉ ခုနှစ် ဧပြီ ၁၀ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (International Labour Organization-ILO)ကို ဖွဲ့စည်းခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အလုပ်သမားတို့၏ဘဝနှင့် လုပ်ငန်းခွင်တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် မေ ၁၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့သို့ ဝင်ရောက်ခဲ့သည်။

ILO ၏ရည်ရွယ်ချက်သည် အလုပ်သမားတို့၏ အလုပ်ချိန်သတ်မှတ်မှု၊ အလုပ်သမားရရှိရေးနှင့် အလုပ်လက်မဲ့မပေါ်ပေါက်ရေး၊ အလျဉ်မီ လစာနှုန်းထားသတ်မှတ်ရေး၊ လုပ်ငန်းခွင်ကြောင့်ရောဂါအနာတရ မဖြစ်ပွားရေး၊ ကလေးသူငယ်များကိုအလုပ်သမားအဖြစ်စေခိုင်းခြင်းမှ အကာအကွယ်ပေးရေး၊ လူငယ်အလုပ်သမား၊ အမျိုးသမီးအလုပ်သမားများအား အကာအကွယ်ပေးရေး၊ သက်ကြီးပုံပိုးကြေးနှင့် အနာတရဖြစ်သူပံ့ပိုးကြေးပေးရေး၊ တိုင်းတစ်ပါး၌ အလုပ်

> ❖ နှစ်စဉ် မေ ၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကြီးဖြစ်သည်။ ထိုနေ့သည် ကမ္ဘာ့နိုင်ငံတိုင်းအတွက် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ ကာယ၊ ဉာဏလုပ်သားကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ထို့ကြောင့် ကျေးဇူးရှင်အလုပ်သမားကြီးများ၏ လူမှုဘဝဖူလုံရေးအာမခံချက်ရှိနေအောင် အခွင့်အလမ်းများဖန်တီးပေးရန်လိုအပ်ပေသည်။ ထိုအခွင့်အလမ်းများအနက် အခြေခံအကျဆုံးအချက်သည် ထိုက်သင့်သောလုပ်ခလစာရရှိအောင် ဖန်တီးပေးရန်ပင်ဖြစ်သည်။ ❖

လုပ်ရသူများအတွက် အကာအကွယ်ပေးရေး၊ အလုပ်တူလုပ်ရလျှင် လုပ်ခတူရရေး၊ အလုပ်သမား အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်ရရေး၊ အလုပ်ခွင်သင်တန်းများနှင့် နည်းပညာသင်တန်းများပေးရေးတို့ပင်ဖြစ်သည်။

**ကာယ၊ ဉာဏလုပ်သားကြီးများ**

စစ်စစ်အားဖြင့် ကာယ၊ ဉာဏလုပ်သားကြီးများသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသည့် ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင် ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိကြသည်။ ထိုအလုပ်သမားကြီးများကို အတန်းအစားနှစ်မျိုးခွဲခြားနိုင်ပေသည်။ အတတ်ပညာတစ်ခုခုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော(White Collar Worker) ဉာဏလုပ်သားနှင့်ခန္ဓာကိုယ်ကို အရင်းအနှီးပြု၍ ရုန်းကန်နေကြရသော(Blue Collar Worker) ကာယလုပ်သားတို့ဖြစ်ကြသည်။ လူတိုင်းသည် ဉာဏလုပ်သားအဖြစ်သာ အသက်မွေးလိုကြသည်။ သို့သော် ဘဝပေးအခြေအနေအရ လှေထိုး၊ လွှတိုက်၊ ကုန်ထမ်း၊ လယ်ထွန်နေရသော ဉာဏလုပ်သားများစွာလည်း ရှိနေသည်။ မည်သို့ပင်ဆိုစေကာမူ လူသားတို့သည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ် ထားရှိသည့် စေတနာအင်အားအပေါ် မူတည်၍ ဆင်းရဲ၊ ချမ်းသာကွာဟသွားကြသည်။

**အလေးထားဆောင်ရွက်ပေးလျက်ရှိ**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားမှု၊ ဝန်ဆောင်မှုအရည်အသွေးတိုးတက်မြင့်မားမှုတို့အပေါ် တည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ကာယအား၊ ဉာဏအားဖြင့် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များကို ဖန်တီးဖော်ဆောင်လျက်ရှိသော အလုပ်သမားအင်အားထုကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရေး၊ အလုပ်သမားများ အကျိုးခံစားခွင့်များရရှိစေရေးနှင့် လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများကြား လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေရေးတို့အတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားများ၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ရန်၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ကြားဆက်ဆံရေးကောင်းမွန်စေရန်၊ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျနှင့် လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေး အပါအဝင် အခြားအကျိုးခံစားခွင့်များ ရရှိနိုင်ရန်တို့အတွက် မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးဆောင်ရွက်ခွင့်ဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ် (၈၇)ကို လက်ခံကျင့်သုံးလျက်ရှိသည်။ ထို့ပြင် ၂၀၁၁ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ ၂၀၂၃ ခုနှစ် မေ ၁ ရက်ထိ အလုပ်သမားအဖွဲ့အစည်း ၃၀၁၅ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း၂၈ဖွဲ့ကိုလည်း ဖွဲ့စည်းခွင့်ပြုခဲ့ပြီး ထိုအဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်၏အဓိက ကုန်ထုတ်စွမ်းအားစုဖြစ်သောအလုပ်သမားကလေးများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ် မေ ၁ ရက်ထိ အလုပ်သမားဆေးရုံကြီး သုံးခု၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီး ဆေးခန်း ၅၈ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ပုဂ္ဂလိကဆေးရုံ၊ဆေးခန်း ၃၆ ခန်း၊ ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) နှစ်စီးတို့ဖြင့် အာမခံအလုပ်သမားများကို ဆေးကုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်**

အမှန်တော့မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ အလုပ်သမားများအရေးကို အထူးအလေးထားကာ အလုပ်သမားများ အခွင့်အရေးအပြည့်အဝရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများကြားဖြစ်ပွားသော အငြင်းပွားမှုများကို တရားမျှတစွာဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် အလုပ်သမားများ၏ ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာရရှိခံစားနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် အလုပ်သမားများအတွက် အနည်းဆုံးလုပ်ခလစာသတ်မှတ်နိုင်ခဲ့ပြီး အနည်းဆုံးအခကြေးငွေနှုန်းထားကို နှစ်နှစ်တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပြည်ပရောက်အလုပ်သမားများအရေးနှင့် စပ်လျဉ်း၍လည်း ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများ ခွင့်ပြု၍ပြည်ပနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်ခွင့်ပြုပေးလျက်ရှိသည်။ အထူးသဖြင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခကြုံတွေ့နေရသူများကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူပေးလျက်ရှိသည်။

**တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအရေးပါလျက်ရှိသောကာယ၊ ဉာဏလုပ်သားကြီးများ**

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘွဲ့ရပညာတတ်လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ သို့သော် အချို့သောလူငယ်များသည် ပြည်တွင်း၌ ထိုက်သင့်သော လုပ်ခလစာမရရှိသောကြောင့်သာ ရေကြည်ရာမြက်နုရာသို့ ရွှေ့ပြောင်းလုပ်ကိုင်နေကြရသည်။ အချို့သော အလုပ်သမားများသည် နည်းလမ်းပေါင်းစုံဖြင့်ပြည်ပနိုင်ငံများသို့ ထွက်ခွာပြီး အလုပ်အကိုင်ရှာဖွေကြရသည်။ တရားဝင်လမ်းကြောင်းမှ သွားသောလူငယ်များသည် ထိုက်သင့်သော လုပ်ခလစာရရှိကြသည်။ သို့သော် တရားမဝင်သွားရောက်ကြသည့် အချို့သောအလုပ်သမားများသည် အလုပ်ရှင်များ၏ ခေါင်းပုံဖြတ်မှုကိုခံကြရသည်။ အချို့သော အမျိုးသမီးငယ်များသည် လူမှောင်ခိုများနှင့် ကုပ်သွေးစုပ်သူများ၏ လက်ချက်ကြောင့် ဘဝပင်ပျက်ကြရသည်။ မည်သို့ပင်ဆိုစေကာမူ အလုပ်သမားများသည် နိုင်ငံ၏ စွမ်းအားများဖြစ်သောကြောင့် အလုပ်သမားများအတွက် သက်သာချောင်ချိရေးလုပ်ငန်းများကို တတ်နိုင်သမျှ ဖော်ဆောင်ပေးသင့်ပေသည်။

ဆိုရလျှင် နှစ်စဉ်မေ ၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကြီးဖြစ်သည်။ ထိုနေ့သည် ကမ္ဘာ့နိုင်ငံတိုင်းအတွက် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ ကာယ၊ ဉာဏလုပ်သားကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ထို့ကြောင့် ကျေးဇူးရှင်အလုပ်သမားကြီးများ၏ လူမှုဘဝဖူလုံရေးအာမခံချက်ရှိနေအောင် အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်ပေသည်။ ထိုအခွင့်အလမ်းများ အနက် အခြေခံအကျဆုံးအချက်သည် ထိုက်သင့်သောလုပ်ခလစာရရှိအောင် ဖန်တီးပေးရန်ပင်ဖြစ်သည်။ သို့မှသာလျှင်ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့်ပါဝင်ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကာယ၊ ဉာဏလုပ်သားကြီးများ၏လူမှုစီးပွားဘဝမြင့်မားလာမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

-နေ့စဉ်ထုတ်သတင်းစာများ

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အီရန်-မြောက်ကိုရီးယား ဆက်ဆံရေးအကြောင်း

မောင်ဝေလွမ်း(သုတေသီ)

အီရန်-မြောက်ကိုရီးယား ဆက်ဆံရေးသည် အပြုသဘောဆောင်လျက်ရှိပြီး ၁၉၇၉ ခုနှစ် အီရန်တော်လှန်ရေးနှင့် အီရန်နိုင်ငံ ထူထောင်ပြီးနောက် သံတမန်ဆက်ဆံရေးတိုးတက်လာခဲ့သည်။ နှစ်နိုင်ငံတို့သည် ပညာရေး၊ သိပ္ပံပညာနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားရန် ကတိပြုထားကြသည်။ အချို့သောမီဒီယာသတင်းများတွင် ဤပူးပေါင်းဆောင်ရွက်မှုသည် ချူကလီးယားပူးပေါင်းဆောင်ရွက်မှုထိ အကျုံးဝင်သည်ဟုဆိုသော်လည်း အမေရိကန်အစိုးရ၏ တရားဝင်ထုတ်ပြန်မှုများနှင့် ပညာရေးဆိုင်ရာလေ့လာမှုများက ၎င်းကို အငြင်းပွားခဲ့ကြသည်။ ၎င်းနှစ်နိုင်ငံကြား ပြည်တွင်း၌ ထုတ်လုပ်သော လက်နက်များရောင်းချခြင်းအပြင် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း စတင်ခဲ့သည့် မြောက်ကိုရီးယား၏ လက်နက်သဘောတူညီချက်အတွက် အမေရိကန်က လွန်စွာစိုးရိမ်ပူပန်နေခဲ့ပြီး မြောက်ကိုရီးယားသည် အီရန်သို့ ဒုံးကျည်များ ဆက်လက်ရောင်းချနေသည်ဟုဆိုသည်။ အမေရိကန်သည် နိုင်ငံနှစ်ခုလုံးကို အကြမ်းဖက်ဝါဒ ပံ့ပိုးကူညီသူများအဖြစ် သတ်မှတ်ထားသောကြောင့် ၎င်းတို့သည် တူညီသောရန်ငြိုးဖွဲ့မှုကို ပြန်လည်တုံ့ပြန်လျက်ရှိသည်။

**ဆက်ဆံရေးသမိုင်း**

**ရှေးခေတ်ဆက်ဆံရေး** ပါရှား-ကိုရီးယား ဆက်ဆံရေးသည် ပိုးလမ်းမဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၁၆၀၀ ကျော်က ကိုရီးယားနိုင်ငံသုံးနိုင်ငံခေတ်တွင် ယဉ်ကျေးမှုဖလှယ်ရာမှ စတင်ခဲ့သည်။ ဂျေအွန်ဂျူရှိ Silla ၏ ဘုရင့်သင်္ချိုင်းဂူတစ်ခုဖြစ်သည့် Cheonmachong ဂူထဲတွင် နက်ပြာရောင်ဖန်ခွက်တစ်ခုကိုတွေ့ရှိခဲ့ရာမှစ၍ ၎င်းကို ပိုးလမ်းမမှတစ်ဆင့် ရှေးခေတ်အီရန်သို့မဟုတ် ပါရှားမှ Silla သို့ ပေးပို့ခဲ့သည်ဟုယူဆရသည်။ ပညာရပ်ဆိုင်ရာအသိုင်းအဝိုင်းတွင် နှစ်နိုင်ငံစလုံးသည် လွန်ခဲ့သည့်နှစ်ပေါင်း ၁၅၀၀ မှ ကိုရီးယားနှင့်အီရန်ကြား ဆက်ဆံရေးကိုဆိုလိုသည့် ၇ ရာစု Silla ခေတ်တွင် ယဉ်ကျေးမှုဖလှယ်မှုများရှိခဲ့သည်ဟု ယူဆကြသည်။ ပါရှားပညာရှင် Ibn Khordadbeh ရေးသည့် သမိုင်းစာအုပ်တွင် ဤလှပသည့် Silla နိုင်ငံတွင် ရွှေ၊ ကြီးကျယ်ခမ်းနားသည့် မြို့များစွာနှင့် အလုပ်ကြိုးစားသူများစွာရှိသည်ဟု ဆိုထားသည်။

**၂၀ရာစုဆက်ဆံရေး** စစ်အေးတိုက်ပွဲ၏ ပထမဆယ်စုနှစ်များအတွင်း အီရန်နိုင်ငံသည် ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးမရှိခဲ့ဘဲ အထူးသဖြင့် ၁၉၆၂ ခုနှစ်တွင် ထူထောင်ခဲ့သော ကိုရီးယားနိုင်ငံနှင့် အီရန်ဆက်ဆံရေးကြောင့် နှစ်နိုင်ငံစလုံးသည် အမေရိကန်နှင့် မဟာမိတ်ဖြစ်ခဲ့သည်။ ၁၉၇၀-၁၉၇၂ ခုနှစ်တွင် မြောက်ကိုရီးယားသည် အီရတ်၏နယ်မြေပိုင်ဆိုင်မှုတောင်းဆိုမှုများကို ထောက်ခံကြောင်းပြသခဲ့သည်။ သို့သော်လည်း ၁၉၇၂ ခုနှစ် စက်တင်ဘာလတွင် မြောက်ကိုရီးယားနိုင်ငံရှိ အီရန်စားပွဲတင်တင်းနစ်အဖွဲ့ လာရောက်လည်ပတ်မှုသည် မြောက်ကိုရီးယားနှင့် အီရန်တို့ကြား အပြန်အလှန်ဆက်ဆံရေးစတင်မှုကို ပြသခဲ့သည်။ ၁၉၇၃ ခုနှစ် ဧပြီလတွင် အီရန်သည် မြောက်ကိုရီးယားနှင့် သံတမန်ဆက်ဆံရေးကို ထူထောင်ခဲ့ပြီးနောက် ၁၉၇၉ ခုနှစ်တွင် အမေရိကန်ကိုလိုလားသည့်ဘုရင်စနစ်ကိုဖျက်သိမ်းပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေရန် ကူညီပေးသည့် အစ္စလာမ္မစ်သမ္မတနိုင်ငံနှင့် အစားထိုးခဲ့သည်။

အီရန်အဓိပတိ အယာတိုလာရူဟိုလာခိုမေနီသည် ၎င်း၏အုပ်ချုပ်ရေးကို ထူထောင်ပြီးသည်နှင့် အီရန်ရှိ မြောက်ကိုရီးယားသံတမန်များက ၎င်းနှင့်ပေါင်းစည်းရန် အပြင်းအထန်ကြိုးပမ်းခဲ့ကြသည်။ အီရန်ဓားစာခံအကျပ်အတည်းအတွင်း မြောက်ကိုရီးယားသည် အမေရိကန်ကိုဆန့်ကျင်သည့် အီရန်နှင့် ပွင့်ပွင့်လင်းလင်းဆက်ဆံထားသည့် နိုင်ငံအနည်းငယ်အနက် တစ်နိုင်ငံဖြစ်သည်။ ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီလတွင် မြောက်ကိုရီးယားသည် အီရန်နိုင်ငံနှင့် ၎င်း၏ပထမဆုံးကုန်သွယ်မှုသဘောတူညီချက်ကို ချုပ်ဆိုခဲ့သည်။ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလအစောပိုင်းတွင် အီရန်-အီရတ်စစ်ပွဲဖြစ်ပွားပြီး မကြာမီတွင် အီရန် Boeing 747 ကုန်တင်လေယာဉ်သုံးစင်းသည် မြောက်ကိုရီးယားနိုင်ငံသို့ ပျံသန်းခဲ့ပြီး ဆေးဝါးနှင့် အမြောက်ကျည်များဖြင့် ပြန်လည်ရောက်ရှိလာကာ နှစ်နိုင်ငံကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှု၏ ပထမဆုံးသောစံနမူနာဖြစ်သည်။

**စစ်ဘက်ဆက်ဆံရေး**

၁၉၈၀ ပြည့်နှစ်တွင် မြောက်ကိုရီးယားသည် အီရန်အပါအဝင် အခြားနိုင်ငံများသို့ ယုံကြည်စိတ်ချရသောလက်နက်ပံ့ပိုးလာခဲ့သည်။ အီရန်-အီရတ်စစ်ပွဲအတွင်း မြောက်ကိုရီးယားနှင့် အီရန်ကြား လက်နက်ရောင်းချမှု သိသိသာသာမြင့်တက်လာခဲ့သည်။ ဤလက်နက်ရောင်းချမှုဆက်ဆံရေးသည် ချူကလီးယားနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖလှယ်ရေးအပါအဝင် စစ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ကျယ်ပြန့်လာသည်။ ပါရှန်ပင်လယ်ကွေ့စစ်ပွဲအတွင်း မြောက်ကိုရီးယားသည် အမြောက်များ၊ လေယာဉ်ပစ်စက်သေနတ်များ၊ စိန်ပြောင်းများ၊ ကျည်များ၊ တင့်ကားများ၊ လက်နက်ငယ်များ၊ ရေတပ်မိုင်းများ၊ တင့်ကားနှင့် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များအပါအဝင် လက်နက်မျိုးစုံကို ထောက်ပံ့ပေးခဲ့သည်ဟုဆိုသည်။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် မြောက်ကိုရီးယားအပေါ် ချမှတ်ထားသော လက်နက်ပိတ်ဆို့မှုကို ဖောက်ဆောင်သည့်အနေဖြင့် အီရန်သို့ပေးပို့သည်ဟုယူဆရသည့် မြောက်ကိုရီးယား၏လက်နက်တင်ပို့မှုကို ထိုင်းနိုင်ငံတွင် ကြားဖြတ်ဟန့်တားခံခဲ့ရသည်။ ၎င်းလက်နက်များတွင် ဒုံးပစ်လောင်ချာများနှင့် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်အစိတ်အပိုင်းများပါဝင်သည်ဟုဆိုသည်။

လက်နက်များအပြင် မြောက်ကိုရီးယားနှင့် အီရန်တို့သည် အထူးစစ်ဆင်ရေးများနှင့် မြေအောက်အဆောက်အအုံများနှင့် ပတ်သက်သောစစ်ရေးကျွမ်းကျင်မှုဆိုင်ရာများကို တက်ကြွစွာဖလှယ်လုပ်ဆောင်လျက်ရှိသည်။ မြောက်ကိုရီးယားသည် ဤအဆင့်မြင့်စိမ့်ဝင်ထိုးဖောက်မှုနည်းပညာများနှင့် ပတ်သက်၍ အီရန်အသုံးပြုသူများကို လေ့ကျင့်သင်ကြားပေးခဲ့သည်ဟု ယူဆကြသည်။

၂၀၁၃ ခုနှစ် မတ်လတွင် မြောက်ကိုရီးယားနှင့် အီရန်တို့အပြင် ဆီးရီးယားတို့က သမားရိုးကျလက်နက်အားလုံးနယ်စပ်ဖြတ်ကျော်လွှဲပြောင်းမှုအတွက် စံချိန်စံညွှန်းများသတ်မှတ်ရန် ရည်ရွယ်သည့် ကုလသမဂ္ဂလက်နက်ကုန်သွယ်မှုသဘောတူစာချုပ်ကို ပိတ်ဆို့ခဲ့သည်။ မြောက်ကိုရီးယား၏ Hwasong-14 ICBM တိုက်ချင်းပစ်ဒုံးကျည် ဒုတိယအဆင့်သည် အီရန်အာကာသလွှတ်တင်ရေးယာဉ်များအတွက် ဒီဇိုင်းထုတ်ထားသည့် အထက်အဆင့်များနှင့်ဆင်တူသည်ဟု လက်နက်ကျွမ်းကျင်သူ Jeffrey Lewis က ပြောကြားခဲ့သည်။

**ကိုယ်စားလှယ်အဖွဲ့ ခရီးစဉ်များ**

ကိုဗစ်ရောဂါမတိုင်မီ ၂၀၁၉ ခုနှစ်တွင် မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့၏ နောက်ဆုံးလာရောက်လည်ပတ်မှုအဖြစ် အီရန်နိုင်ငံသို့ရောက်ရှိခဲ့သည်။ ဤအဖွဲ့ကို မြောက်ကိုရီးယားပါလီမန် ဒုတိယဥက္ကဋ္ဌ ပါတ်ချိုမင်းကဦးဆောင်ပြီး တစ်ပတ်ကြာမြင့်ခဲ့သည်။



အနောက်အုပ်စုနှင့် ၎င်း၏မဟာမိတ်များထံမှ မကြုံစဖူးပိတ်ဆို့အရေးယူမှုများကြောင့် နှစ်နိုင်ငံသည် စွမ်းအင်ကုန်သွယ်မှု၊ ဘဏ်လုပ်ငန်း၊ စိုက်ပျိုးရေး၊ အဆင့်မြင့်နည်းပညာနှင့် ယဉ်ကျေးမှုဖလှယ်မှုများတွင် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားခဲ့ကြသည်။

ကိုဗစ်ရောဂါဖြစ်ပွားပြီးနောက် ၎င်းတို့နှစ်နိုင်ငံသည် ပြင်းထန်သောပိတ်ဆို့အရေးယူမှုအခြေအနေများအောက်တွင် ပေါ်ပေါက်လာသောစိန်ခေါ်မှုကို ကိုင်တွယ်ဖြေရှင်းရန် အတူတကွလုပ်ဆောင်ခဲ့ကြသည်။ Tehran Times ၏ဖော်ပြချက်အရ အီရန်ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့(TPO)၏ အကြီးအကဲဟောင်း ဟာမစ်ဇက်ဘွန်းသည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် မြောက်ကိုရီးယားသံအမတ်ဟန်ဆောင်ဦးနှင့်တွေ့ဆုံခဲ့ပြီး ဘဏ်လုပ်ငန်းနှင့်ကုန်သွယ်မှုဆိုင်ရာ ဆက်ဆံမှုများတိုးချဲ့ရန် ဆွေးနွေးခဲ့သည်။

အထူးသဖြင့် နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်အတွက် သက်ဆိုင်ရာပုဂ္ဂလိကကဏ္ဍများအတွက် အဆင်ပြေသောပတ်ဝန်းကျင်တစ်ခုဖန်တီးပေးရေး အလေးပေးပြောကြားခဲ့သည်။ နှစ်ဖက်ကြား ကုန်သွယ်မှုတိုးချဲ့ရန် အီရန်၏ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မြောက်ကိုရီးယားကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ထူထောင်ရန် မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့က အဆိုပြုခဲ့သည်။

မြောက်ကိုရီးယားအဆင့်မြင့်စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဧပြီ ၂၃ ရက်တွင် အီရန်နိုင်ငံသို့ ခရီးစတင်ခဲ့သည်။ ပြည်ပစီးပွားရေးဆက်ဆံရေးဝန်ကြီး ယွန်ဂျန်ဟိုဦးဆောင်သော မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အီရန်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။ အီရန်နှင့် မြောက်ကိုရီးယားတို့၏ ထိပ်တန်းအဆင့်တွေ့ဆုံမှုတွင် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုနှင့်တစ်စုံတစ်ရာ ပတ်သက်မှုရှိသည်ဟု အနောက်နိုင်ငံများ၏ အဓိကသတင်းမီဒီယာများတွင် မဆိုင်းမတွ ထင်ကြေးပေးခဲ့ကြသည်။ မြောက်ကိုရီးယား၏ခရီးစဉ်နှင့် ပတ်သက်၍ နောက်ထပ်အသေးစိတ်အချက်အလက်များကို ထပ်မံထုတ်ဖော်ပြောဆိုရန် မဖြစ်နိုင်သေးသော်လည်း နှစ်နိုင်ငံကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုနှင့် မကြာသေးသည့်နှစ်များတစ်လျှောက် အမေရိကန်ကို အန်တုခဲ့မှုနှင့်ပတ်သက်၍ မီးမောင်းထိုးပြလျက်ရှိသည်။

**အမေရိကန်၏မူဝါဒများက အီရန်နှင့်မြောက်ကိုရီးယားကို အတူတကွတွန်းအားပေးမှု**

သမ္မတဒေါ်နယ်ထရန့်အစိုးရလက်ထက်တွင် အရှေ့အလယ်ပိုင်းနှင့် အာရှမူဝါဒများသည် အီရန်-မြောက်ကိုရီးယား ဆက်ဆံရေးကို အရှိန်မြှင့်ပေးခဲ့သည်။ ၎င်း၏ပထမသက်တမ်းအတွင်း အီရန်သမ္မတဟတ်ဆန်ရိုဟာနီသည် ၎င်း၏အမေရိကန်လုပ်ဖော်ကိုင်ဖက်များ၊ ကမ္ဘာ့အင်အားကြီးနိုင်ငံအများအပြားနှင့် ၂၀၁၅ ခုနှစ်တွင် အီရန်ချူကလီးယားသဘောတူညီချက်ကို ရေးထိုးခဲ့သည်။ သို့သော်လည်း သမ္မတဒေါ်နယ်ထရန့် က ၎င်း၏ချူကလီးယားသဘောတူညီချက်ဟု လူသိများသော ပူးတွဲဘက်စုံလုပ်ဆောင်မှုအစီအစဉ် (JCPOA) ကိုဖျက်သိမ်းရန် ရည်ရွယ်ချက်ကိုကြေညာပြီးနောက် အီရန်က မြောက်ကိုရီးယားနှင့်ပူးပေါင်းရန် ရွေးချယ်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် မြောက်ကိုရီးယားနိုင်ငံ၏ ဥပဒေပြုလွှတ်တော်အကြီးအကဲ ကင်မ်ယောင်နမ်သည် အီရန်သို့ ၁၀ ရက်ကြာ လာရောက်ကာ ရိုဟာနီ၏ ဒုတိယအကြိမ် ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့တက်ရောက်ခဲ့ပြီး ဆက်ဆံရေးပြန်လည်ကောင်းမွန်လာမှု၏ လက္ခဏာတစ်ရပ်အဖြစ် အများစုက မြင်တွေ့ခဲ့ကြသည်။

အမေရိကန်သည် ၂၀၁၈ ခုနှစ် မေလတွင် JCPOA မှ နုတ်ထွက်ပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် အီရန်အပေါ် ပိတ်ဆို့အရေးယူမှုများကို ပြန်လည်ထည့်သွင်းပြီးနောက် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ရိုင်ယွန်ဟိုသည် အမေရိကန်၏ပိတ်ဆို့အရေးယူမှုများနှင့် ၎င်းတို့၏ဆိုးကျိုးများဆွေးနွေးရန် အီရန်တွင် ၎င်း၏အီရန်သမ္မတ မိုဟာမက်ဂျာဇက်ဇာရစ်ဖ်နှင့် ထိပ်တန်းထိပ်သီးအစည်းအဝေးတွင် ပါဝင်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဇွန်လတွင်ကျင်းပသော အီရန်သမ္မတရွေးကောက်ပွဲတွင် အီဘရာဟင်ရိုင်စီ၏ အနိုင်ရမှုသည် အီရန်-မြောက်ကိုရီးယားဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့သည်။

ခြုံ၍ဆိုရသော် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် နှစ်နိုင်ငံ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။ သမ္မတဒေါ်နယ်ထရန့်၏ ချူကလီးယားသဘောတူညီချက်မှ တစ်ဖက်သတ်နုတ်ထွက်ပြီးနောက် မြောက်ကိုရီးယားသည် အီရန်အပေါ်ပြုလုပ်သည့် ဒဏ်ခတ်ပိတ်ဆို့မှုများကို မည်သည့်အခါမျှ လိုက်နာမည်မဟုတ်ဟုကတိပြုထားသောကြောင့် မြောက်ကိုရီးယားကို အီရန်က ရေနံစိမ်းဖြင့် သွယ်ဝိုက်စွာထောက်ပံ့ပေးခဲ့ကာ ဆက်ဆံရေးခိုင်မာလာခဲ့သည်။ အီရန်နိုင်ငံ၏ စီးပွားရေးကို အကျပ်ရိုက်စေရန်အတွက် အမေရိကန်သည် အီရန်၏ရေနံတင်ပို့မှုအပေါ် တားမြစ်ပိတ်ပင်ထားခြင်းဖြစ်သည်။ သို့ဖြစ်၍ အမေရိကန်၏ရန်လိုမှုများကိုရင်ဆိုင်နေရသည့် အီရန်နှင့် မြောက်ကိုရီးယားတို့၏ဆက်ဆံရေးသည် နယ်ပယ်စုံတွင် ပိုမိုတိုးမြှင့်လာပြီး အမေရိကန်အတွက် တန်ပြန်အားတစ်ခုဖြစ်လာနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

**–Sputnik.com, What's Known About Iran-North Korea Relation?, April. 2024**

# ရန်ကုန်မြို့ပတ်ရထားခရီးစဉ်၌ RBE ရထားတွဲဆိုင်း ခြောက်ဆိုင်းဖြင့် တစ်ရက်လျှင် ခရီးသည်ဦးရေ ၉၀၀၀ ကျော် သယ်ယူပို့ဆောင်ပေးနေ




**ရန်ကုန် ဧပြီ ၃၀**

သင်္ကြန်ပြီးကာလတွင် ရန်ကုန်မြို့ပတ်ရထားခရီးစဉ်၌ RBEရထားတွဲဆိုင်းခြောက်ဆိုင်းဖြင့် တစ်ရက်လျှင် ခရီးသည်ဦးရေ ၉၀၀၀ကျော် သယ်ယူပို့ဆောင်ပေးနေကြောင်း မြန်မာ့မီးရထား သတင်းများအရ သိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် သင်္ကြန်ပွဲတော်ကာလတွင် ရန်ကုန်မြို့ပတ်ရထားခရီးစဉ်များကို ယာယီရပ်နားထားခဲ့ပြီး သင်္ကြန်ပွဲတော်အပြီးကာလ မြန်မာနှစ်ဆန်းတစ်ရက်နေ့ (ဧပြီ ၁၇ ရက်)မှစတင်၍ ရန်ကုန်မြို့ပတ်ရထားခရီးစဉ်များကို ပုံမှန်ပြန်လည် ပြေးဆွဲပေးခဲ့ကြောင်း၊ လက်ရှိ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် RBE ရထားတွဲဆိုင်းခြောက်ဆိုင်းဖြင့် လက်ဝဲရစ်၊ လက်ယာရစ် ၃၅ ခေါက် ပြေးဆွဲပေးလျက်ရှိရာ နေ့စဉ် ခရီးသည်ဦးရေ စီးနင်းလိုက်ပါမှု ရှိနေကြောင်း သိရသည်။

ရထားလက်မှတ်ခနှုန်းထားများမှာ ယခင်အတိုင်း ငွေကျပ် ၂၀၀၊ ၃၀၀ ဖြစ်ပြီး လိုက်ပါစီးနင်းသည့် ခရီးသည်အပေါ် မူတည်၍ ထပ်တိုးပြေးဆွဲပေးနိုင်ရေး ဆောင်ရွက်နေကြောင်း၊ ရထားလက်မှတ်ခနှုန်းထားအနေဖြင့် ၁၅ မိုင် အတွင်းကို ငွေကျပ် ၂၀၀ နှုန်းနှင့် ၁၅ မိုင်အထက်ကို ငွေကျပ် ၃၀၀ နှုန်း ကောက်ခံနေခြင်း ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ဘူတာကြီး၊ ဘုရားလမ်း၊ လမ်းမတော်၊ ပြည်လမ်း၊ ရှမ်းလမ်း၊အလုံလမ်း၊ ပန်းလှိုင်လမ်းကြည့်မြင်တိုင်၊ ဟံသာဝတီ၊ လှည်းတန်း၊ ကမာရွတ်၊ အုတ်ကျင်း၊ သမိုင်း၊ သမိုင်းမြို့သစ်၊ ကြို့ကုန်း၊ အင်းစိန်၊ ရွာမ၊ဖော့ကန်၊ အောင်ဆန်းမြို့၊ တည်းကုန်း၊ ဝေဘာဂီ၊ ကျိုက္ကလှဲ၊ မင်္ဂလာဒုံဈေး၊ မင်္ဂလာဒုံ၊ ဝေဘာဂီ၊ ဥက္ကလာပ၊ ပုရွက်ဆိတ်ကုန်း၊ ကျောက်ရေတွင်း၊ တံတားကလေး၊ ရေကူး၊ ပါရမီ၊ ကန်ဘဲ့ဘောက်ထော်၊ တာမွေ၊ မြေနီကုန်း၊ မလွှကုန်း၊ ပုဇွန်တောင်စသည့် ဘူတာ ၃၈ ဘူတာရှိနေပြီး ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအဆင့်မြှင့်တင်မှု လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရန်ကုန်မြို့ပတ်ရထားလမ်းစီမံကိန်း ဆောင်ရွက်ပြီးစီးသွားပါက ရန်ကုန်မြို့ပတ်ရထားလမ်းတွင် ဂျပန်နိုင်ငံမှ ရထား ၁၁ စီးဖြင့် အစားထိုးပြေးဆွဲဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အမြန်နှုန်းကီလိုမီတာ တိုးမြှင့်မောင်းနှင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား သတင်းများအရ သိရသည်။

(၃၃၆)

# ပေါင်မြို့နယ် ကော့ကလိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင် ဧပြီ ၃၀**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ကလိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ပေါင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကော့ကလိန်ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၁၈ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၀ ဒသမ ၈ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၅-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၁၀ | ၂၈၉၅ | ၂၈၅၅ | ၂၉၁၀ | ၂၉၃၀ | ၂၉၃၅ | ၂၈၉၅ | ၃၀၃၀ | ၃၀၅၅ | ၂၉၀၀ | ၂၉၁၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၅၀ | ၃၃၇၅ | ၃၄၅၀ |
| 95 Ron | ၂၉၆၀ | ၃၀၂၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၄၅ | ၃၀၁၅ | ၃၁၄၅ | ၃၁၇၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၀ | ၃၀၅၅ | ၃၀၆၅ | ၃၄၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၈၀ | ၂၄၆၅ | ၂၄၂၀ | ၂၄၈၀ | ၂၄၉၅ | ၂၅၀၀ | ၂၄၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၀ | ၂၅၁၅ | ၂၉၄၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၈ | ၂၇၉၆ |
| 95 Ron | ၂၈၁၈ | ၂၉၀၈ |
| HSD (500 ppm) | ၂၂၇၉ | ၂၃၆၄ |
| HSD (50 ppm) | ၂၃၃၅ | ၂၄၁၁ |
| HSD (10 ppm) | ၂၃၃၅ | ၂၄၁၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**








## ဝန်ထမ်းအလိုရှိသည်

1. စာရင်းကိုင်(ဘွဲ့ရ) ကျား/မ (4) ဦး
2. အရောင်းစာရေး/ စာရေးမ (2) ဦး
3. မြို့တွင်း Driver (1) ဦး
4. အိမ်စီးကားမောင်း Driver (1) ဦး

- အမှတ်စဉ် (1) အတွက် စာရင်းနှင့်ပတ်သက်သောဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
- အမှတ်စဉ်(3),(4)အတွက် အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ လိုင်စင်သက်တမ်း (3) နှစ်နှင့်အထက်ရှိရမည်။

အမှတ်စဉ်အားလုံးအတွက် စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ အလုပ်ကို အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။ စိတ်ဝင်စားပါက CV Form၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ လိုင်စင်မိတ္တူ၊ ထောက်ခံစာမိတ္တူ၊ ဓာတ်ပုံ (2) ပုံ တို့နှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

***မှတ်ချက်*** အိမ်နေDriver အဖြစ်လည်း လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ အမှတ်(14)၊ 85 လမ်း၊ 28×29 လမ်းကြား၊ မန္တလေးမြို့။
02-4069291 , 09-5069199



## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၃) ရပ်ကွက်နေ မချစ်ဖူးတုန် ၏ဖခင်အမည်မှန်မှာ ဖွားစာရင်းအရ ဦးစိုးတင့် ဖြစ်ပါကြောင်း။

**ဦးစိုးတင့် (၉/မရတ(နိုင်)၁၂၇၆၈၁)**



### ပျောက်ဆုံးကြောင်း

မန္တလေး၊ အမှတ်(၂၇၉)၊ ၃၃ လမ်း၊ ၈၃×၈၄ လမ်းကြားနေ ခင်စောလှိုင် (ဘ) ဦးစိုင်းလိတ် (၉/ခအဇ(နိုင်)၀၃၈၃၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-750580) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၃၉၂၁၈၈


သင့်သွေးဖြင့် အသက်ကယ်ပါ


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ "ပြည်တွင်းအင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားအားလုံး၏ အားပေးထောက်ခံမှုနှင့် တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရပ်တည်မှုတို့သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှုတစ်ရပ်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာလက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ယာယီနေရပ်စွန့်ခွာပြည်သူများ ကော့ကရိတ်မြို့အတွင်း ပြန်လည်ဝင်ရောက်နေထိုင် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ လိုအပ်သည့်ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေး



**ဘားအံ ဧပြီ ၃၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းသို့ သောင်းကျန်းသူများ ဝင်ရောက်နေထိုင်ပြီး တိုက်ပွဲဖော်ဆောင်ခဲ့သည့်အတွက် တပ်မတော်က ကော့ကရိတ်မြို့ကို ပြန်လည်ထိန်းချုပ်ခဲ့ရပြီး ယခုအခါ ယာယီနေရပ်စွန့်ခွာပြည်သူများ ကော့ကရိတ်မြို့အတွင်း ပြန်လည်ဝင်ရောက် နေထိုင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက လိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ကွင်းဆင်းကြည့်ရှုဆောင်ရွက်ပေးခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ ယာယီပြောင်းရွှေ့နေထိုင်သည့်နေရာများမှ ကော့ကရိတ်မြို့အတွင်း ပြန်လည်ဝင်ရောက်နေထိုင်ကြမည့် နေရပ်ပြန်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေါနခန်းမ၌ နေရပ်ပြန်ပြည်သူများနှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ကော့ကရိတ်မြို့ကို ပြန်လည်ထိန်းချုပ်နိုင်ပြီးဖြစ်သည့်အတွက် ငါးလကြာ ယာယီပြောင်းရွှေ့နေထိုင်ကြသည့်ဒေသခံပြည်သူများ မိမိနေရပ်သို့

**စာမျက်နှာ ၂၁ ကော်လံ ၁ ☆**

## ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို မေ ၃၁ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ**
**အသိပေးကြေညာချက်**
၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
(၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ဧပြီ ၃၀ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို မေ ၃၁ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ (၃၀-၄-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ချောက် | ၄၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၄၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |


MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257